မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၁၈)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

၂၀၁၄ ခုနှစ်၊ မေ ၁၁ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ကမ္ဘာတစ်ဝန်းတွင် စိန်ခေါ်မှုများနှင့် မရေရာမှုများကြုံတွေ့နေချိန် အာဆီယံဒေသ၌ ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများရရှိနေ

နေပြည်တော်   မေ   ၁၀

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ရှိ ကျောက်စိမ်းခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီဟာဆန်နယ်ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒေါင်လာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ခ်ျဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလိုဘမ်ဘမ်းယူဒိုရိုနိုနှင့်ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သောင်ဆင်းသမ်မာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီဟာဂျီမိုဟာမက်နာဂျစ်နှင့်ဇနီး၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ ဘီနစ်ဂ်နိုအာကွီနို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းနှင့် ဇနီး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ထိုင်းနိုင်ငံမှ အထူးကိုယ်စားလှယ် ဒုတိယဝန်ကြီးချုပ် မစ္စတာ ဖောင်တက်ဖ် သပ်ခန်ဂျာန၊

စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့်အချိန်တွင် ပြည်သူများ၏ဘဝနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးကိုဖြစ်စေမည့် ကိစ္စရပ်များကို အာရုံစိုက်ဆောင်ရွက်သွားမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာ

ပုံးဒဏ်ခံရသည့် ဆာရာယေဗိုခန်းမ ၂၂ နှစ်အကြာ ပြန်လည်ဖွင့်လှစ်

သတင်းစာမျက်နှာ ➤ ၄

ပြည်တွင်း

ခေတ်နှင့်အညီ လိုရင်းတိုရှင်း(၂)

ဆောင်းပါးစာမျက်နှာ ➤ ၆

ပြည်တွင်း

နွေစပါးအစားထိုး နွေနှမ်းများစိုက်ပျိုး

သတင်းစာမျက်နှာ ➤ ၁၂

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရခိုင်ပြည်နယ်နှင့် မီးလင်းရေး

ရခိုင်ပြည်နယ်အတွင်း သံတွဲနှင့်တောင်ကုတ်တို့တွင် လာမည့်သီတင်းပတ်တွင် လျှပ်စစ်မီးကို နိုင်ငံတစ်ဝန်း အခြားဒေသများ နှုန်းထားအတိုင်း သုံးစွဲခွင့်ရရှိပြီး ကျန်မြို့နယ်များတွင်လည်း လာမည့်နှစ်များအတွင်း လျှပ်စစ်မီးသုံးစွဲခွင့်ရရှိတော့မည်ဖြစ်ကြောင်း သတင်းတစ်ပုဒ်ဖတ်လိုက်ရသည်။ ရခိုင်ပြည်နယ်သည် ချင်းပြည်နယ်ပြီးလျှင် ဖွံ့ဖြိုးမှုနောက်အကျဆုံးပြည်နယ်တစ်ခုဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း မီတာခတစ်ယူနစ်ကို ငွေကျပ် ၅၀၀ ပေးသုံးစွဲနေရာမှ မကြာမီ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များကဲ့သို့ တစ်ယူနစ်ကို ၃၅ကျပ်နှုန်းနှင့် သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မီးလင်းရေးအစီအမံသည် ပြီးခဲ့သည့်လွှတ်တော်များအတွင်း ဆွေးနွေးတင်ပြခဲ့သော အကြောင်းအရာများအနက် အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်သည်။ ပြည်သူများ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးရာတွင် ရခိုင်ပြည်နယ် မီးလင်းရေးအစီအစဉ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ကို သတိပြုမိသည်။ အိန္ဒိယနိုင်ငံမှ ချေးငွေနှင့်ကျောက်ဖြူဓာတ်ငွေ့ ထုတ်လုပ်ရေးကုမ္ပဏီများနှင့် နိုင်ငံတော်အစိုးရဘတ်ဂျက်ငွေများ ပူးပေါင်းကာ ရခိုင်ပြည်နယ်အတွင်း မီးလင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမှန်စင်စစ် ဤသတင်းစကားသည် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်သကဲ့သို့ လက်ရှိနိုင်ငံတော်အစိုးရလက်ထက်ပြုပြင်ပြောင်းလဲမှုများအနက် တစ်ခုဆိုလျှင်လည်း မှားနိုင်မည်မဟုတ်ပေ။ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီးသုံးစွဲလာနိုင်သည်နှင့်အမျှ ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် ငါး၊ ပုစွန်သိုလှောင်ရေးလုပ်ငန်းများ၊ အအေးခန်းစက်ရုံလုပ်ငန်းများအပြင် အခြားစက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၌ လာမည့်နှစ်နှစ်အတွင်း မြို့နယ်များအားလုံး လျှပ်စစ်မီးလင်းရေး မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ပြည်နယ်အတွင်း မြို့နယ်များ တဖြည်းဖြည်း မီးလင်းလာတော့မည်ဖြစ်ပါသည်။ ဤသည်မှာ လက်ရှိအစိုးရလက်ထက် တိုးတက်ပြောင်းလဲမှုများထဲမှ တစ်ခုပင်ဖြစ်ပါသည်။ သို့သော် အပြောင်းအလဲဟူသည် ချက်ချင်းလက်ငင်းဆောင်ရွက်ရသော အပြောင်းအလဲများရှိသကဲ့သို့ ရေတိုရေရှည်စီမံကိန်းစီမံချက်များဖြင့် ဆောင်ရွက်ရသည်လည်းရှိပါသည်။

ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီးရရှိအောင် သက်ဆိုင်ရာက ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အခြားသောကိစ္စများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ဒေသတည်ငြိမ်စွာ ဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသဖြင့် တိုးတက်လာအောင်လည်း ဆောင်ရွက်လျက်ရှိပါသည်။ မည်သို့ပင်ရှိစေ မကြာမီနှစ်များအတွင်း ရခိုင်ပြည်နယ်သည် လျှပ်စစ်မီးသုံးစွဲလာနိုင်သည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာသည့် အနေအထားတစ်ရပ်သို့ ရောက်ရှိလာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

နှစ်နိုင်ငံအစိုးရတို့အကြား နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယနိုင်ငံအစိုးရတို့အကြား နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို မေ ၉ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမရဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် အိန္ဒိယနိုင်ငံကိုယ်စား အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Gautam Mukhopadhaya တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ပေါင်းစပ်ညှိနှိုင်း

နားလည်မှု စာချွန်လွှာကို အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းဖြင့် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် အကြမ်းဖက်သောင်းကျန်းမှုများအား ကာကွယ်နိုင်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိနိုင်စေခြင်း၊ တရားမဝင်လူနှင့် ပစ္စည်းများ မှောင်ခိုကူးသန်းမှုများကို နှစ်ဖက်ပူးပေါင်း၍ တားဆီးထိန်းချုပ်နိုင်ခြင်း၊ နှစ်နိုင်ငံသတင်းအပြန်အလှန်ဖလှယ်နိုင်ခြင်း၊ နယ်စပ်လုံခြုံရေးကိစ္စရပ်များတွင် တပ်မတော်နှစ်ရပ်အကြား ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်နိုင်ခြင်းဖြင့် သောင်းကျန်းသူများ၏ အန္တရာယ်အား တားဆီးနိုင်ခြင်း၊ တရားမဝင်နယ်စပ်ဖြတ်ကျော်မှုများကို တားဆီးနိုင်ခြင်းနှင့် နှစ်နိုင်ငံနယ်နိမိတ်ကို လေးစားလိုက်နာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကဆုန်ညောင်ရေသွန်းပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာကျင်းပမည်

နေပြည်တော် မေ ၁၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက်ရှိ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှ ဦးဆောင်၍ (၁၆)ကြိမ်မြောက် ပျဉ်းမနား မြို့နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကိုလောကမာရဇိန်စေတီတော်မြတ်ကြီးအရှေ့ရှိ မဟာဗောဓိညောင်ပင်၌ မေ ၁၃ ရက် ကဆုန်လပြည့်နေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညောင်ရေသွန်းပွဲ၌ မြို့ပေါ် ခုနစ်ရပ်ကွက်ဖြစ်သည့် ရွှေချီ၊ မင်္ဂလာ၊ ရန်အောင်(၁)၊ ရန်အောင်(၂)၊ ရွှာတော်၊ ဥယျာဉ်စု၊ ဘောဂဝတီနှင့် ဝန်းကျင်ရပ်ကွက် လေးရပ်ကွက်ဖြစ်သည့် ကင်ပွန်းတန်း၊ တောင်သာ၊ ယောက်သွားအင်း၊ ကံဦးရပ်ကွက်များမှ ဝတ်ရွတ်အဖွဲ့များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ စုပေါင်း၍ ကဆုန်ညောင်ရေသွန်းလောင်းကြမည်ဖြစ်ကြောင်း၊ ညောင်ရေသွန်းလောင်းအဖွဲ့များ စတင်ထွက်ခွာမည့် စုရပ်မှာ ခလရ(၈၅)ကွင်းမှစတင်ကာ ညနေ ၃ နာရီမှစ၍ ဗိုလ်ချုပ်လမ်းအတိုင်း မြို့ဦးဓမ္မာရုံမှတစ်ဆင့် လောကမာရဇိန်စေတီတော်မြတ်ကြီး မဟာဗောဓိညောင်ပင်ထိဖြစ်ပြီး ညောင်ရေမသွန်းလောင်းမီ လောကမာရဇိန် စေတီတော်မြတ်ကြီး အရှေ့ဗောဓိကွင်းဓမ္မာရုံ၌ တိုင်းသံဃာ့ဝန်ဆောင်ဆရာတော်က ငါးပါးသီလ ချီးမြှင့်မည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ (၁၆)ကြိမ်မြောက် ပျဉ်းမနား မြို့နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲတော်၌ တိုင်းသံဃာ့ဝန်ဆောင် ဆရာတော်၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌနှင့် အကျိုးဆောင်ဆရာတော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပျဉ်းမနားမြို့ပေါ် ရပ်ကွက်အုပ်စုများမှ ဝတ်ရွတ်အဖွဲ့များက စနစ်တကျ ကဆုန်ညောင်ရေသွန်းလောင်းကြမည် ဖြစ်ကြောင်းလည်း သိရသည်။

ကိုကြီးကျော်(ပျဉ်းမနား)

ထူးခြားမြစ်ရေ အခြေအနေ

နေပြည်တော် မေ ၁၀

ဧရာဝတီ မြစ်ရေသည် ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ကြီးနားမြို့၌ ၆၈၂ စင်တီမီတာသို့ ရောက်ရှိနေပြီး ၂၄ နာရီအတွင်း ၁၃ ပေခန့် မြင့်တက်ခဲ့ကာ နောက်နှစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့၌ ကိုးပေမှ ၁၀ ပေခန့်၊ နောက်လေးရက်မှ ခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့၌ရှစ်ပေမှ ကိုးပေခန့်နှင့် နောက်ခုနစ်ရက်မှ ၁၂ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ ခုနစ်ပေမှ ရှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်နိုင်သည်။

သို့ဖြစ်၍ ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေ ရုတ်တရက် တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ထင်သာမြင်သာပြုပြင်စရာ

မြို့မဈေးကြီးလမ်းဆုံ စည်းကမ်းမဲ့ယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့

ဖျာပုံမြို့သည် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ အဓိကအားထားရောင်းဝယ်ရာ မြို့မဈေးကြီးသည် (၁)လမ်းနှင့် တစ်လမ်းမောင်းလမ်းပေါ်တွင် တည်ရှိသည်။ ယာဉ်မရပ်ရနေရာများ၊ အနေးယာဉ်ဂိတ်မထိုးရသည့်နေရာများ သတ်မှတ်ထားသော်လည်း စည်းကမ်းမလိုက်နာမှုကြောင့် နံနက် ၇ နာရီမှ ၁၀ နာရီအတွင်း နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေသည်။

ဖျာပုံမြို့နေ ပြည်သူတစ်ဦးက "လမ်းသွားလို့မရအောင် သုံးဘီးဆိုင်ကယ်တွေက လမ်းဘေးဝဲယာ အပြည့်ရပ်ထားတာပါ။ ဆိုက်ကားတွေကလည်း ဂိတ်ထိုးရမယ့် နေသူရိန်ဂိတ်မှာမထိုးဘဲ မြို့မဈေးကြီးရှေ့မှာ ဂိတ်ထိုးပြီး ခရီးသည်စောင့်ခေါ်နေတာကလည်း အမြဲမြင်တွေ့နေရတယ်။ တာဝန်ရှိစည်ပင်အဖွဲ့ကလာရှင်းရင်လည်း ခဏပဲ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိထိရောက်ရောက်ထိန်းသိမ်းဖို့လိုအပ်နေပါတယ်" ဟုပြောသည်။ ဖျာပုံမြို့တွင် ကုန်တင်ယာဉ်ကြီးများ စည်းကမ်းမဲ့ရပ်နား၍ ကုန်တင်ကုန်ချပြုလုပ်နေခြင်း၊ သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်ကယ်ရီများကို တရားဝင်ဂိတ် သတ်မှတ်ပေးခြင်း၊ စည်းကမ်းမဲ့ယာဉ်များကို တာဝန်ရှိသူများက ထိထိရောက်ရောက် အရေးယူခြင်းအားဖြင့် ပြည်သူများ နေ့စဉ်တွေ့ကြုံနေရသည့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်များကို သက်ဆိုင်ရာမှ အမြန်ဆုံးဖြေရှင်းပေးရန်လိုအပ်ကြောင်း အသိပေးရေးသားအပ်ပါသည်။

ချမ်းသာ(ဖျာပုံ)

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ခေတ်မီ Band Saw စက်ကြီးများဖြင့် ကျွန်းနှင့် သစ်မာသစ်လုံးများကို နဝလီခွဲစိတ်ပေးပါသည်။
ဖုန်း-၀၉-၅၁၀၇၂၀၄၊ ၀၉-၅၁၅၀၆၄၇

သင့်သွေးဖြင့် အသက်ကယ်ပါ

Y.E.S. Since 1994
International English Language Centre
Basic Spoken English
Sat & Sun - 3:45-5:45pm 3 May
Mon to Thurs-5:30-7:00pm 12May,2 Jun
Mon to Thurs-7:30-9:30am 12 May
Sat & Sun - 9:00-12:00am 17 May
Sat & Sun - 12:30-3:30pm 17,31 May
Mon to Thurs-10:00-12:00am 19 May
Mon to Thurs-3:00-5:00pm 19 May
Mon to Thurs-1:00-3:00pm 26 May
Pre-Intermediate English
Mon to Thurs-10:00-12:00am 5 May
Mon to Thurs-1:00-3:00pm 26 May
Mon to Thurs-5:00-7:00pm 26 May
Vocabulary Enrichment Course
Mon to Thurs-3:30-5:00pm 19 May
Grammar Foundation Course
Mon to Thurs - 7:30-9:30 am 12 May
Basic Writing Course
Mon to Thurs - 10:00-12:00 am 19 May
Structure & Written Expression
Sat & Sun - 9:00 - 12:00 am 17 May
Sat & Sun - 12:30 - 3:30 pm 17 May
Mon to Thurs-10:00-12:00am 19 May
Mon to Thurs-5:30-7:00pm 19 May
IELTS,SAT,API,AWC,BWC,IE
No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 243950, 246910

ပြည်တွင်းသတင်း

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ရှိ ကျောက်စိမ်းခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

❍ ရှေ့စာမျက်နှာမှ

အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ၌ မိမိတို့ဒေသ၏ ဖြစ်ပေါ်တိုးတက်မှုများကို ကမ္ဘာတစ်ဝန်းက စောင့်ကြည့်နေသည့်ကာလတွင် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်၌ အာဆီယံထိပ်သီးအစည်းအဝေးကို လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့်အချိန်တွင် ပြည်သူများ၏ ဘဝနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးကိုဖြစ်စေမည့် ကိစ္စရပ်များကို အာရုံစိုက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် လူ့အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေး၊ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်၊ သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိမှုနှင့် လူသားချင်းစာနာမှု အကူအညီပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရေး စသည့်ကိစ္စများကို အရေးကြီးကိစ္စများအဖြစ် သတ်မှတ်ထားပါကြောင်း၊ ယခုအချိန်သည် အာဆီယံ၏ စာနာမှုနှင့် မျှဝေခံစားမှုကို အခြေခံကာ တစ်ခုတည်းသော ရည်မှန်းချက်နှင့်ရုပ်အသွင်ရှိသည့် အသိုက်အဝန်းဖြစ်လာရေးကို ရည်မှန်းကြိုးပမ်းနေသည့် ဒေသအဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း။

အမျိုးသမီးများသည် အာဆီယံ၏မဏ္ဍိုင်သုံးရပ်လုံးတွင် ယခုထက် ပိုမိုအရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာစေရေး၊ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားသင့်ပါကြောင်း၊ အာဆီယံအသိုက်အဝန်းထူထောင်ရေး ကြိုးပမ်းမှုများကို ဒေသတွင်းရှိ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ ထောက်ခံမှုများ ရရှိနေပါကြောင်း၊ကမ္ဘာတစ်ဝန်းတွင် စိန်ခေါ်မှုများနှင့် မရေရာမှုများကြုံတွေ့နေရချိန်တွင် အာဆီယံဒေသသည် ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပါကြောင်း။

ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှုများရှိနေခြင်းသည် အာဆီယံ စတင်ထူထောင်ခဲ့သည့် ခေါင်းဆောင်ကြီးများ စိုက်ပျိုးခဲ့သည့် အပင်၏ အသီးအပွင့်များကို ခံစားရခြင်းဖြစ်သကဲ့သို့ ခေတ်အဆက်ဆက် အာဆီယံ ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းမှုရလဒ်များလည်းဖြစ်ပါကြောင်း၊ အာဆီယံအသင်းကြီးကိုထူထောင်ခဲ့သည့် ရှေ့က ခေါင်းဆောင်ကြီးများကို အထူးကျေးဇူးတင်ရှိပါကြောင်း။

လွန်ခဲ့သည့်လက နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကျင်းပခဲ့ကြပါကြောင်း၊ မင်္ဂလာရှိသည့် နှစ်သစ်နှင့်အတူ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်အသစ်များဖြင့် လက်ခံကျင်းပခြင်းဖြစ်ပါကြောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို မိမိတို့မြန်မာနိုင်ငံက ဦးဆောင်တာဝန်ယူနိုင်ရေးအတွက် ယုံကြည်စွာ ထောက်ခံအားပေးခဲ့သည့် အာဆီယံအဖွဲ့ဝင်မိသားစုအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်ဟု ထပ်လောင်းပြောကြားလိုပါကြောင်း။

ကြွရောက်လာကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကြီးအကဲများ၏ ထက်မြက်သော ခေါင်းဆောင်မှုဖြင့် နိုင်ငံအားလုံး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးသော အာဆီယံဆီသို့ ညီညွတ်စွာဖြင့် အတူလျှောက်လှမ်းနိုင်ပါစေဟု ဆုတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ရိုးရာအဆိုအကများ၊ အာဆီယံနိုင်ငံများ၏ယဉ်ကျေးမှုသရုပ်ဖော်အကများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၀

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန နီလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ကိုယ်စားလှယ် အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်နှင့် ဒုတိယအတွင်းရေးမှူးချုပ် ဦးညဏ်လင်းတို့ တက်ရောက်ကြပြီး အစည်းအဝေးမစတင်မီ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများက အာဆီယံပြင်ပဆက်ဆံရေး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် အာဆီယံပြင်ပဆက်ဆံရေးဆိုင်ရာလမ်းညွှန်ချက်ကို အတည်ပြုခဲ့ကြသည်။ ထို့အတူ တောင်တရုတ်ပင်လယ်ဆိုင်ရာ ဖြစ်ပေါ် တိုးတက်မှုနှင့်ပတ်သက်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါအာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှာ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဒုတိယအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး ပထမအကြိမ် အစည်းအဝေးကို ဇန်နဝါရီလက ပုဂံတွင် ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန နီလာခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် Visa Prepaid Card ကို CB ဘဏ်မှရောင်းချ

ရန်ကုန် မေ ၁၀

ဘရာဇီးနိုင်ငံ၌ လက်ခံကျင်းပမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဂုဏ်ပြုသောအားဖြင့်CB ဘဏ်မှ FIFA Visa Prepaid Card ကိုVisa နှင့် ပူးပေါင်းညှိနှိုင်းထုတ်ဝေခဲ့ကြောင်း CB ဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဖေမြင့်က ပြောကြားသည်။

"ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကြိုဆိုတဲ့အနေနဲ့ Visa နဲ့ ပေါင်းပြီး ထုတ်ဖို့စီစဉ်ခဲ့တာပါ။ အရေအတွက်အနေနဲ့က ကတ် ၂၅၀၀ နဲ့ ၃၀၀၀ အကြား ထုတ်သွားမှာဖြစ်ပြီး ဦးရာလူစနစ်နဲ့ ရောင်းချသွားမယ်။ မေ ၆ ရက်က ထုတ်တာဖြစ်ပြီး ထုတ်ဝေမှုက အောက်တိုဘာ ၁၃ ရက်အထိ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကတ်၏ငွေပမာဏကို ဒေါ်လာ ၁၀၀၀ မှစ၍ ဒေါ်လာ ၅၀၀၀ အထိ သတ်မှတ်ထားကြောင်း။ သတ်မှတ်ထားသော ငွေပမာဏအလိုက် အစောဆုံး ငွေဖြည့်သွင်းသူများကို ကမ္ဘာ့ဖလားအတွက် အမှတ်တရထုတ်ဝေသော သက်ဆိုင်ရာ နိုင်ငံအမှတ်တံဆိပ်ပါရှိသော ဘောလုံးသမားဝတ် ဂျာစီအင်္ကျီ၊ ဦးထုပ်နှင့် ခရီးဆောင်အိတ်တို့ကို လက်ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကန့်သတ်ထား

"ကတ်ထုတ်ဝေမှုကို အရေအတွက်နဲ့ ကန့်သတ်ထားလို့ကုန်သွားရင် ဆက်မထုတ်တော့ဘူး။ ဒါပေမယ့် ကတ်ရဲ့ သက်တမ်း ၂၀၁၉ ခုနှစ်အထိ ငါးနှစ်သက်တမ်းအထိ အသုံးပြုနိုင်တယ်။ Visa ဆိုတဲ့အတိုင်း Visa လက်ခံလို့ရတဲ့ နိုင်ငံတွေ၊ ဟိုတယ်၊ စားသောက်ဆိုင်တွေ အပါအဝင် Online ကလည်း သုံးစွဲနိုင်ပါတယ်။ ကတ်အရေအတွက်နဲ့ ထုတ်ဝေမှုသက်တမ်းကိုလိုက်ပြီး လက်ဆောင်အရေအတွက်ကပါ အကန့်အသတ်ရှိပါတယ်။ သုံးတဲ့နေရာမှာတော့ ဒီကတ်မပျက်စီး၊ မပျောက်ဆုံးသရွေ့ သုံးလို့ရတယ်" ဟု CB ဘဏ် ဒုတိယအထွေထွေမန်နေဂျာက ပြောကြားသည်။

အဆိုပါ FIFA Visa Prepaid Card များကို မေ ၆ ရက်မှ စတင်၍ CB ဘဏ်ရုံးချုပ်နှင့် ကတ်ဌာနနှင့် CB ဘဏ်ခွဲတိုင်းတွင် ဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

နိုင်ငံတကာသတင်း



တောင်ဆူဒန်သမ္မတဆဲလ်ဗာကီယာနှင့်သူပုန်ခေါင်းဆောင် မာချာ(ဝဲ)တို့ အီသီယိုးပီးယားနိုင်ငံ အဒစ္စအာဘာဘ၌ အပစ်အခတ်ရပ်စဲရေး စာချုပ်များ လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြစဉ်။

တောင်ဆူဒန်ပြိုင်ဘက်များ ငြိမ်းချမ်းရေးစာချုပ် ၂၄ နာရီအတွင်း အပစ်အခတ်များအားလုံး ရပ်စဲ

အဒစ္စအာဘာဘာ မေ ၁၀

တောင်ဆူဒန်သမ္မတ ဆဲလ်ဗာကီယာနှင့် သူပုန်ခေါင်းဆောင် ကိုဗ် မာချာတို့သည် ငါးလကြာပဋိပက္ခ ဖြစ်ပွားပြီးနောက် ငြိမ်းချမ်းရေးစာချုပ် တစ်ရပ်အပေါ် သဘောတူညီလိုက်သည်။

အဆိုပါစာချုပ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းရေးဆွဲပြီး ရွေးကောက်ပွဲသစ် မကျင်းပမီ ချက်ချင်း အပစ်အခတ်ရပ်စဲကာ ယာယီအစိုးရဖွဲ့ရမည်ဟု တိုက်တွန်းထားသည်။ ကမ္ဘာ့အသစ်လွင်ဆုံး နိုင်ငံဖြစ်သည့် တောင်ဆူဒန်အတွင်း အဆိုပါပဋိပက္ခကြောင့် လူထောင်ပေါင်းများစွာသေဆုံးပြီး တစ်သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်။

ဇန်နဝါရီလအတွင်းက သဘောတူခဲ့သော အပစ်အခတ်ရပ်စဲမှုသည် တိုက်ပွဲ ပြန်လည်စတင်သည်ဟု အပြန်အလှန်စွပ်စွဲခဲ့သဖြင့် ရက်ပိုင်းအတွင်း စာချုပ်ပျက်သွားခဲ့သည်။

မေ ၉ ရက်က သဘောတူလိုက်သော အဆိုပါသဘောတူညီချက်သည် တောင်ဆူဒန်နိုင်ငံ၏ အနာဂတ်အခက်အခဲကို ကျော်ဖြတ်နိုင်မည့် အထိမ်းအမှတ်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားလိုက်သည်။

ခက်ခဲကြမ်းတမ်းလှသော အဆိုပါ ခရီးကြမ်းကို ယခုအခါ ပြန်လည်စတင်ပြီဖြစ်ကြောင်း၊ ရှေ့လျှောက်အလုပ်လုပ်ကြရမည် ဖြစ်ကြောင်း အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ရောက်ရှိနေသော ဂျွန်ကယ်ရီက ပြောကြားလိုက်သည်။

သို့သော်လည်း ကုလသမဂ္ဂက တောင်ဆူဒန်နှင့် သူပုန်နှစ်ဖက်စလုံးကို လူအများအပြား သေဆုံးမှုနှင့် မုဒိမ်းမှုများစွာ ဖြစ်ပွားခဲ့သည့်အတွက် လူသားချင်းစာနာမှုမရှိကြောင်း စွပ်စွဲပြောကြားလိုက်သည်။

အဆိုပါပြိုင်ဘက်နှစ်ဖက်သည် အီသီယိုးပီးယားနိုင်ငံ အဒစ္စအာဘာဘ၌ မေ ၉ ရက် နှောင်းပိုင်းက သဘောတူလက်မှတ်ရေးထိုးလိုက်သည်။ စာချုပ်ကို လက်မှတ်ရေးထိုးပြီး ၂၄ နာရီအတွင်း အပစ်အခတ်အားလုံး ရပ်စဲရမည်ဟုဆိုသည်။

မစ္စတာကီယာနှင့် မစ္စတာမာချာတို့က တိုက်ခိုက်မှုများ အဆုံးသတ်ရန် ၎င်းတို့၏တပ်များသို့ ချက်ချင်း အမိန့်ထုတ်ပြန်လိုက်သည်။ ယင်းပဋိပက္ခအတွင်း လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များ ချက်ချင်းဝင်ရောက် ခွင့်ပြုလိုက်ရမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ယီမင်သမ္မတ နန်းတော်အပြင်ဘက် စစ်သွေးကြွများနှင့်တိုက်ပွဲဖြစ်ပွား

ဆာနား မေ ၁၀

ယီမင်နိုင်ငံ မြို့တော်ဆာနားရှိ သမ္မတနန်းတော်အပြင်ဘက်၌ စစ်သွေးကြွများနှင့် တိုက်ပွဲဖြစ်၍ အနည်းဆုံး ယီမင်စစ်သားလေးဦး သေဆုံးသွားသည်။

မော်တော်ယာဉ်နှင့် သေနတ်သမားများက သမ္မတနန်းတော်အပြင်ဘက် ဂိတ်ကို တိုက်ခိုက်ရန်ကြိုးစားစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

မြို့တော်ရှိ လုံခြုံရေးအဆောက်အအုံအဖြစ် အသုံးပြုနေသော နေရာမှ ပေါက်ကွဲသံကြီးကြားရကြောင်း ဒေသခံတစ်ဦးက ပြောသည်။ ယီမင်စစ်တပ်က အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သော စစ်သွေးကြွများအား အဓိကထိုးစစ်ဆင် တိုက်ခိုက်မှုကြီးတစ်ရပ် ပြုလုပ်ခဲ့သည်။

အဆိုပါတိုက်ပွဲသည် တစ်နာရီခန့်ကြာပြီး လက်နက်ကြီးများ အသုံးပြုတိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ တိုက်ပွဲကြောင့် နှစ်ဖက်စလုံးတွင် ထိခိုက်သေကျေမှုများ ရှိသည်ဟုဆိုသည်။

(ဘီဘီစီ)

ဗုံးဒဏ်ခံရသည့် ဆာရာယေဗိုခန်းမ ၂၂နှစ်အကြာ ပြန်လည်ဖွင့်လှစ်

ဆာရာယေဗို မေ ၁၀

ဘော့စနီးယား စစ်ပွဲကာလအတွင်း ဗုံးကြဲတိုက်ခိုက်ခံရသော အမျိုးသားစာကြည့်တိုက်အဖြစ် အသုံးပြုထားသည့် ဆာရာယေဗို မြို့တော်ခန်းမကို ၂၂ နှစ်အကြာတွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

အဆိုပါနာမည်ကြီးအဆောက်အအုံသည် ၁၉၉၂ ခုနှစ်က ဘော့စနီးယားစစ်ပွဲအတွင်း မော်တာကျည်များ ထိမှန်မီးလောင်ပျက်စီးခဲ့သည်။ ယင်းအဆောက်အအုံကို လုပ်ကြံသတ်ဖြတ်ခံရသော သြစတြီးယားလူမျိုး အာဒူဘီဖရန့်ဇ်ဖာဒီနန်အား ဂုဏ်ပြုသောအားဖြင့် ပထမကမ္ဘာစစ်အတွင်းက အုတ်ဂူအထိမ်းအမှတ်ပြုလုပ်ရန် ထိန်းသိမ်းထားခဲ့သည်။ ၎င်းသည် ၁၉၁၄ ခုနှစ် ဇွန် ၂၈ ရက်က ယင်းခန်းမအတွင်းမှ ထွက်သွားပြီးနောက် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရသည်။ ယင်းမြို့တော်ခန်းမကို ၁၈၉၆ ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ **(ဘီဘီစီ)**

ဝန်ကြီးချုပ်ဟောင်း ရင်လတ်အား ထိုင်းဆန္ဒပြသူများ ထောက်ခံ

ဗန်ကောက် မေ ၁၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့လမ်းများပေါ်ထွက် ဆန္ဒပြသူများက မကြာမီက ဖြုတ်ချလိုက်သော ဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်ထရာအား ထောက်ခံဆန္ဒပြခဲ့သည်။ မေ ၁၀ရက်က ရှပ်နီဟုလူသိများသော အဆိုပါဆန္ဒပြသူများက ဝန်ကြီးချုပ်အား ဖြုတ်ချရန်ဆန္ဒပြနေသော အတိုက်အခံများနှင့်အပြိုင် ဆန္ဒပြခဲ့ကြသည်။

မိမိတို့အနေဖြင့် လက်ရှိအစိုးရကို ကာကွယ်ပေးရန်လိုအပ်၍ စုရုံးလာရောက်ဆန္ဒပြရခြင်းဖြစ်ကြောင်း ဆန္ဒပြသူများက ပြောသည်။ မေ ၇ ရက်က ထိုင်းဖွဲ့စည်းပုံဆိုင်ရာခုံရုံးက ဝန်ကြီးချုပ်ရင်လတ်အား အာဏာအလွဲသုံးစားမှုဖြင့် ရာထူးမှဖယ်ရှားလိုက်သည်။ အာဏာရပါတီက ကူးသန်းရောင်းဝယ်ရေးဝန်ကြီး နီဝပ်တန်ရောင်းဘွန်ဆွန်ပိုင်ဆန်အား ယာယီဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ထားသည်။ ထိုနေ့က ရင်လတ်၏ ဝန်ကြီးကိုးဦးကိုလည်း ရာထူးမှ ဖယ်ရှားလိုက်သည်။

(ဘီဘီစီ)

ခရိုင်းမီးယားသို့ ရုရှားသမ္မတပူတင် သွားရောက်မှု လောင်စာမီးထည့်သလိုဖြစ်နိုင်ဟု အမေရိကန်ပြော

ဝါရှင်တန် မေ ၁၀

ရုရှားသမ္မတ ဗလာဒီမာပူတင် ခရိုင်းမီးယားသို့ သွားရောက်လည်ပတ်ခြင်းသည် တမင်တကာဆွပေးပြီး မလိုလားအပ်ဘဲ သွားရောက်သည့် ခရီးစဉ်ဖြစ်ကြောင်း အမေရိကန်က ဝေဖန်ပြောဆိုလိုက်သည်။

ခရိုင်းမီးယားသည် ယူကရိန်းပိုင်ဖြစ်ပြီး မိမိတို့အနေဖြင့် တရားမဝင်သိမ်းပိုက်မှုအပေါ် အသိအမှတ်မပြုနိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဂျင်ပီဆာကီက ပြောကြားလိုက်သည်။

ပူတင်သည် ခရိုင်းမီးယားသို့ ဆိုဗီယက်ယူနီယံ က ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီကို အောင်နိုင်ခဲ့သည့် (၆၉) နှစ်မြောက် အထိမ်းအမှတ်အဖြစ် သွားရောက်ခဲ့သည်။

အဆိုပါခရီးစဉ်သည် ခရိုင်းမီးယားက ရုရှားနှင့် ပူးပေါင်းပြီးနောက် ပထမဆုံးအကြိမ် သွားရောက်ခဲ့ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် ရုရှားနိုင်ငံက ခရိုင်းမီးယားကို တရားမဝင်လက်နက်နိုင်ငံပြု သိမ်းပိုက်ခြင်းကို လက်မခံပါကြောင်း၊ ယင်းသွားရောက်မှုကြောင့် လောင်စာမီးထည့်သကဲ့သို့သာဖြစ်နိုင်ပြီး တင်းမာမှုများ ပိုမိုဖြစ်လာနိုင်ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး လော်ရာလူးကတ်မက်နူဆင်၏ ကြေညာချက်တွင် ဖော်ပြသည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

အာဆီယံစီးပွားရေးဝန်ကြီးများ၏ ညှိနှိုင်းအစည်းအဝေးနှင့်(၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးများကျင်းပ

နေပြည်တော် မေ ၁၀

အာဆီယံစီးပွားရေး ဝန်ကြီးများ၏ ညှိနှိုင်းအစည်းအဝေးနှင့်(၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေးတို့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပရာ **(ယာပုံ)** အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံ (၁၀)နိုင်ငံမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ ညှိနှိုင်းအစည်းအဝေးတွင် အာဆီယံ စီးပွားရေးပေါင်းစည်းမှုများ ကျယ်ပြန့်လာသည်နှင့်အမျှ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး ခိုင်မာတောင့်တင်းစေရန် ဆောင်ရွက်မည့်ကိစ္စများ၊ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးအတွက် ညှိနှိုင်းဆောင်ရွက်နေမှုများ၊ အာဆီယံဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သာတူညီမျှရှိရေးဆိုင်ရာ မူဘောင် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီအိုင်အမ်ဘီ အာဆီယံ သုတေသနအဖွဲ့အစည်း၏ အတားအဆီးများ ဖယ်ရှားမှုဆိုင်ရာ လေ့လာမှုစာတမ်းအပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့် (၁၁)ကြိမ်မြောက် အာဆီယံ စီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆွေးနွေးညှိနှိုင်းကြသည်။

ညနေပိုင်းတွင် ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေးအပေါ် ရှုမြင်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံ စီးပွားရေးအသိုက်အဝန်း ပြည့်မီအောင်မြင်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ဝန်ဆောင်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ကဏ္ဍများ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံနိုင်ငံများအတွင်း အကောက်အခွန်မဟုတ်သော အတားအဆီးများ ဖယ်ရှားရေးဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံ ပေါင်းစပ်ယှက်နွယ်မှု ပင်မစီမံကိန်း အကောင်အထည်ဖော်မှု၏ တိုးတက်မှုအခြေအနေများ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အနေဖြင့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် အစီရင်ခံစာနှင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ဩစတြေးလျနိုင်ငံ ဘရေ့စဘိန်းမြို့တွင် ကျင်းပမည့် ဂျီ(၂၀) ထိပ်သီးအစည်းအဝေးသို့ အာဆီယံနိုင်ငံများကိုယ်စား အာဆီယံ ဥက္ကဋ္ဌဖြစ်သည့် မြန်မာနိုင်ငံမှ တင်ပြမည့် ASEAN Position paper (မူကြမ်း)အပေါ်တွင် ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါ (၁၁)ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်း ကောင်စီ အစည်းအဝေးအစီရင်ခံစာကို မေ ၁၁ ရက်တွင် ကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် နိုင်ငံအကြီးအကဲများသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၁၄)ကြိမ်မြောက် အာဆီယံညှိနှိုင်းမှုကောင်စီ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၀

(၁၄)ကြိမ်မြောက် အာဆီယံညှိနှိုင်းမှုကောင်စီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန နီလာခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အစည်းအဝေးသို့အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မကြာမီ ကျင်းပမည့် (၂၄) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ၊ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တင်သွင်းမည့် အစီရင်ခံစာများဖြစ်သည့် အာဆီယံ၏ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အာဆီယံအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ တာဝန်များနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အာဆီယံအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၊ အာဆီယံဖောင်ဒေးရှင်းဆိုင်ရာ အမှုဆောင်ညွှန်ကြားရေးမှူး၏ အစီရင်ခံစာ၊ အာဆီယံအမြဲတမ်းကော်မတီ၏ အစီရင်ခံစာ၊ အာဆီယံပေါင်းစည်းမှုနှင့် စပ်လျဉ်းသည့် ဦးဆောင်ဦးရွက်ပြုမှုဆိုင်ရာဥက္ကဋ္ဌ၏အစီရင်ခံစာ၊ အာဆီယံ ပေါင်းစည်းဆက်နွယ်မှု ညှိနှိုင်းရေးကော်မတီ အစီရင်ခံစာ၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းဆိုင်ရာ အာဆီယံညှိနှိုင်းမှုကောင်စီ လုပ်ငန်းအဖွဲ့အစီရင်ခံစာ၊ အာဆီယံ အသိုက်အဝန်းဆိုင်ရာ အာဆီယံ ညှိနှိုင်းမှု ကောင်စီလုပ်ငန်းအဖွဲ့ အစီရင်ခံစာ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးခိုင်မာစေရေးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်မှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ တိုးတက်မှုအစီရင်ခံစာတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် အာဆီယံ အတွင်းရေးမှူးချုပ်အား ခန့်အပ်မှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန် သတ်မှတ်ချက်ကို အစည်းအဝေးက အတည်ပြုခဲ့သည်။

(သတင်းစဉ်)

(၁၁)ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၀

(၁၁)ကြိမ်မြောက် အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း ကောင်စီအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန နီလာခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

တက်ရောက်

အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဗိုလ်မှူးချုပ် အောင်သော်၊ ဦးကျော်ကျော်ဝင်း၊ ဒေါ်ဝင်းမော်ထွန်း၊ ဒေါ်စုစုလှိုင်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်နှင့် ဒုတိယ အတွင်းရေးမှူးချုပ် ဦးဉာဏ်လင်းတို့ တက်ရောက်ကြပြီး အစည်းအဝေး မစတင်မီ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆွေးနွေး

အစည်းအဝေးတွင် အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း ကောင်စီအောက်ရှိ ကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း ကောင်စီလမ်းပြမြေပုံ အကောင်အထည်ဖော်မှုများနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းဆိုင်ရာ (၇)ကြိမ်မြောက် ညှိနှိုင်းမှုညီလာခံ၏ အကြံပြုချက်များကို အကောင်အထည်ဖော်မှုနှင့် အကောင်အထည်ဖော်ရန် ကျန်ရှိနေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

Junction Cineplex

9 . 5 . 2014 တွင် Junction Cineplex ၌

စတင်ပြသမည့် ဇာတ်ကားများ

Like us on facebook

JunctionCineplex

Junction Square (Ph - 01 527 056)

The Amazing Spider Man 2 (3D)	Sun to Thu	10 AM , 1 PM , 4 PM , 7 PM
	Fri & Sat	10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM
She Devil	Sun to Thu	10 AM , 1 PM , 4 PM , 7 PM
	Fri & Sat	10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM
[illegible]	Sun to Thu	10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM
	Fri & Sat	10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM

Junction Maw Tin (Ph - 01 225 244)

The Amazing Spider Man 2 (3D)	Sun to Thu	10 AM , 1 PM , 4 PM , 7 PM
	Fri & Sat	10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM
[illegible]	Sun to Thu	10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM
	Fri & Sat	10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM

Junction Nay Pyi Taw (Ph - 067 421 615)

[illegible]	Mon to Thu	11 AM , 2 PM , 5 : 30 PM
	Fri to Sun	10 : 30 AM , 1 : 30 PM , 4 : 30 PM , 7 : 30 PM

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၇၊ မြေကွက်အမှတ် ၁၅၇၀(ခ)၊ အကျယ်ဝန်း(ပေ ၂၀× ပေ ၆၀)ရှိ ဦးတင်ဝင်း (MUN- ၁၉၄၈၉၇ အမည်ပေါက် ပါမစ်မြေကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှလှဝင်း ၁၂/တမန(နိုင်)၀၅၃၉၃၂ မှ ရောင်းချလိုကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက် အထား(မူရင်း)ပြသ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ဝါဝါထွန်း M.Sc, H.G.P, R.L

တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၀)

အမှတ် ၅၅၊ အခန်း ၂၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၁-၃၈၉၄၂၇၊ ၀၉-၅၄၁၆၁၅၉၊ ၀၉-၇၃၁၃၅၉၈၆

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ခေတ်နှင့်အညီ လိုရင်းတိုရှင်း(၂)

မောင်ခင်မင်(ဓနုဖြူ)

"ကဲ. . ပြောလက်စ စကားဆက်ကြရအောင်"

"ဆရာမောင်ထင်ကရေးဖူးတယ်။ 'စာရေးကောင်းတဲ့သူတွေဟာ သူများ ၁၀ လုံးလောက်ရေးတဲ့အဓိပ္ပာယ်ကို တစ်လုံးတည်းနဲ့ ဒက်ခနဲနေအောင် ရေးတတ်တယ်'တဲ့။ စကားကျစ်ကျစ်လျစ်လျစ်နဲ့ လိုရင်းရောက်အောင် ရေးတတ်တာလည်း အရည်အချင်းတစ်ခုပဲဆိုတာ မှတ်သားရတာပေါ့ သူငယ်ချင်းရယ်"

"အမှုမဲ့ အမှတ်မဲ့ ကောက်ရေးရင် စာကဖောင်းဖောင်းပွပွဖြစ်တတ်တယ်လို့လည်း မှတ်သားရဖူးတယ်။ စဉ်းစဉ်းစားစား ရေးရင်တော့ စကားပိုတွေ မပါတော့ဘဲ လိုရင်းရောက်မယ်ထင်တယ်"

"အေး. . . တို့ဆရာ ပါမောက္ခဦးမောင်မောင်ကြီးရေးဖူးတာတစ်ခု သတိရလို့ ပြောရဦးမယ်။ ဆရာကြီးက အခြေခံပညာအတန်းတစ်တန်းအတွက် မြန်မာဖတ်စာပြုစုဖို့ တာဝန်ယူရတယ်တဲ့။ အဲဒီဖတ်စာမှာ အငြိမ့်မင်းသမီး မထွေးလေးအကြောင်းရေးရာမှာ 'မထွေးလေးသည် သူ၏ထဘီကို ခြေဖြင့် ခတ်၍ ကလေ့ရှိသည်'လို့ ရေးလိုက်သတဲ့"

"အေး. . . ပြောပါဦး၊ စိတ်ဝင်စားစရာပဲ"

"အဲဒီလိုရေးပြီး အစည်းအဝေးမှာ တင်ပြတော့ ဆရာကြီးတစ်ယောက်က 'ခင်ဗျားစာကလည်း ဖောင်းပွလိုက်တာဗျာ'လို့ ပြောသတဲ့။ ပြီးတော့ ဆက်ပြောသေးသတဲ့။ 'မထွေးလေးက သူ့ထဘီကို မခတ်လို့ ဘယ်သူ့ထဘီကို ခတ်မှာလဲဗျ၊ ခတ်တယ်ဆိုမှတော့ ခြေနဲ့ပဲခတ်မှာပေါ့၊ ပြန်ရေးပါဦးဗျာ' ဆိုလား။ အဲဒီတော့မှ ဆရာကြီး ဦးမောင်မောင်ကြီးလည်း သတိထားမိပြီး 'မထွေးလေးသည် ထဘီကိုခတ်၍ ကလေ့ရှိသည်'လို့ ကျစ်ကျစ်လျစ်လျစ် ပြန်ရေးလိုက်ရတယ်တဲ့"

"ဟုတ်တယ်နော်။ အမှတ်တမဲ့ရေးလိုက်ရင် စကားပိုတွေပါသွားနိုင်တာပဲလေ"

"နောက် သတိထားမိတာက တချို့အသုံးအနှုန်းတွေကျတော့ မလိုအပ်ဘဲထည့်သုံးရင် ဖောင်းပွနေပေမယ့် လိုအပ်ရင်တော့ ထည့်သုံးရတာမျိုးရှိတယ်"

"ဟုတ်လား။ ဘယ်လိုအသုံးမျိုးပါလိမ့်"

"ထဘီကိုခြေနှင့်ခတ်သည်ဆိုတဲ့ အသုံးကိုပဲ 'ကျွန်တော် မီးခိုးများကို မျက်စိဖြင့် မြင်သည်၊ သီချင်းသံကိုနားဖြင့်ကြားသည်'လို့ ရေးရင်တော့ 'မျက်စိဖြင့်' တို့ 'နားဖြင့်'တို့ဟာ မလိုအပ်ဘဲ ထည့်တဲ့စကားပိုတွေ ဖြစ်နေတာပေါ့။ မျက်စိနဲ့မမြင်လို့ ဘာနဲ့မြင်မှာလဲလို့ မေးစရာပေါ့။ ဒါပေမယ့် 'အိမ်ကြီးပြိုကျသွားတာကို ငါ့ 'မျက်စိနဲ့တပ်အပ်မြင်တာပါ'၊ 'သူဒီလိုပြောတာကို ငါ့နားနဲ့ ဆတ်ဆတ်ကြားတာပါ'ဆိုတဲ့ အသုံးမျိုးကျတော့ လေးနက်အောင် ငါ့မျက်စိနဲ့ မြင်တာ၊ ငါ့နားနဲ့ကြားတာလို့ ပြောတာမို့ ဒီအသုံးတွေက ထည့်ဖို့လိုအပ်တာပေါ့ကွာ"

"အဲဒီလို လိုအပ်လို့ ထည့်တာမျိုးမဟုတ်ဘဲ မလိုအပ်ဘဲ စကားတံရှည်နေရင် လိုရင်းမရောက်ဘူးလို့ ဆိုရမှာပေါ့ သူငယ်ချင်းရယ်"

"သတိရလို့ပြောရဦးမယ်။ မလိုအပ်ဘဲ စကားဖောင်းပွနေတဲ့ အသုံးတစ်ခုတွင်ကျယ်ပြီး ခေါက်ရိုးကျိုးနေတာ တော်တော်ကြာနေပြီ။ သတင်းစာတွေ ဂျာနယ်တွေမှာလည်း ခဏခဏသုံးတာတွေ့တယ်"

"ဘာအသုံးလဲ သူငယ်ချင်းရဲ့"

"ဩော်. . . သတင်းတွေမှာပါတတ်တယ်လေ။ 'နှစ်နိုင်ငံအကြား သဘောတူညီမှုရရှိသည်'၊ 'နှစ်နိုင်ငံအကြား ဆက်သွယ်ရေးကောင်းမွန်သည်' ဆိုတာမျိုးတွေပေါ့"

"အင်း. . . ဆိုစမ်းပါဦး၊ ဘယ်စကားကဖောင်းပွနေလို့လဲ"

"ဩော်. . . 'နှစ်နိုင်ငံအကြား'ဆိုတာလေ။ 'နှစ်နိုင်ငံသဘောတူညီမှုရရှိသည်' ဆိုရင် ပြီးလျက်သားနဲ့ ဘာဖြစ်လို့ အဲဒီ'အကြား'ကပါနေရတာလဲ။ 'နှစ်နိုင်ငံဆက်သွယ်ရေး'လို့ ရေးရင်လည်း အဓိပ္ပာယ်ပြည့်စုံနေပါပြီ 'အကြား' မလိုပါဘူး"

"အေး. . . ငါစဉ်းစားမိပြီ။ အဲဒီအကြားက between ဆိုတဲ့အင်္ဂလိပ်စကားကို တိုက်ရိုက်ဘာသာပြန်ရာက အသုံးတွင်ကျယ်လာတာထင်တယ်"

"ဟုတ်တာပေါ့ကွာ။ အရင်က မြန်မာစာတွေမှာ အဲဒီအသုံးမရှိပါဘူး။ ငါပြောသလို 'အကြား'မထည့်ဘဲရေးတာ မြန်မာအသုံးအနှုန်းပါ။ အင်္ဂလိပ်လို ရေးရင်တော့ 'between two countries' တို့ဘာတို့ဖြစ်မှာပေါ့။ မြန်မာလို ရေးတဲ့အခါ အဲဒီအကြားကြီးပါလာရင် ငါ့မျက်စိထဲမှာ တိုင်းပြည်နှစ်ပြည်ကြားက ချောက်ကြီးကို ပြေးမြင်မိတယ်ဟေ့"

"မင်းကလည်း၊ ပြောရော့မယ်။ အေး. . . မင်းပြောတာ ဟုတ်တော့ဟုတ်တာပဲလေ"

"သူငယ်ချင်းမှတ်မိလားမသိဘူး။ တို့တက္ကသိုလ်ပထမနှစ်မှာ မြန်မာစာသင်ရတော့ သံခိပ်ရေးနည်းသင်ရတယ်လေ။ အနှစ်ချုပ်လို့လည်းခေါ်တယ်၊ ဟုတ်တာပေါ့။ အဲဒီသံခိပ်ရေးနည်းက လိုရင်းကို ကျစ်ကျစ်လျစ်လျစ်ရေးတတ်အောင် လေ့ကျင့်ပေးတဲ့နည်းပဲ။ ပေးထားတဲ့စာပိုဒ်ကို အဓိကအချက်တွေပါအောင် သုံးပုံတစ်ပုံချုပ်ရေးရတာလေ"

"ဟုတ်ပါတယ်။ အကြောင်းအရာကိုလည်း လိုရင်းရောက်အောင် ပြန်ချုပ်ရေးရတယ်။ အရေးအသားကလည်း စကားပိုတွေမပါဘဲ လိုရင်းရောက်အောင် ရေးရတယ်မဟုတ်လား"

"ဟုတ်တယ်။ အဲဒီမှာ အရေးကြီးတာတစ်ခုက အဲဒီသံခိပ်ကို ဖတ်လိုက်ရင် မူရင်းစာပိုဒ်ကို ပြန်ဖတ်စရာမလိုဘဲ အဓိပ္ပာယ်ရှင်းနေဖို့ပဲလေ။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တာပေါ့။ လိုရင်းတိုရှင်းဆိုတာ အဲဒီသဘောပဲလေ။ လိုရင်းလည်း ရောက်ရမယ်၊ ရှင်းလည်းရှင်းရမယ်ပေါ့"

"စကားတော့ ကျစ်လျစ်ပါရဲ့၊ အဓိပ္ပာယ်မရှင်းရင် လိုရင်းရောက်မှာမဟုတ်ဘူးလေ"

"သူငယ်ချင်းကြားဖူးသလား။ ရှေးတုန်းက လိုရင်းကြိုက်တဲ့ ဆရာတော်ကြီးနှစ်ပါးဟာ တစ်မြို့စီမှာ သီတင်းသုံးကြတာမို့ တစ်ပါးနဲ့တစ်ပါး မတွေ့ရတာကြာလို့ အပြန်အလှန်စာရေးပို့ကြသတဲ့"

"ဘယ်လိုရေးတာပါလိမ့်"

"ဆရာတော်တစ်ပါးက တစ်ပါးဆီ စာပို့လိုက်တယ်။ စာရောက်လို့ ဖွင့်ကြည့်တော့ စာလုံးနှစ်လုံးပဲရေးထားတယ်။ အဲဒီနှစ်လုံးက 'မာလား'တဲ့"

"ဟင်. . . ဩော် မာရဲ့လား၊ နေကောင်းရဲ့လားလို့ ရေးတာထင်တယ်"

"ဟုတ်တယ်။ ဒီတော့စာရတဲ့ ဆရာတော်ကြီးကလည်း ပြန်ရေးလိုက်တယ်"

"သူ့စာက ပိုတောင်ကျစ်လျစ်သေးတယ်"

"ဘယ်လိုတဲ့လဲ"

'အိမ်း' လို့ တစ်လုံးတည်းရေးလိုက်တာလေ"

"မာပါတယ်လို့ရေးတာကို နားလည်ရမှာပေါ့ကွာ။ အဲဒီလောက် ကျစ်လျစ်လွန်းတော့လည်း အဓိပ္ပာယ်ကောက်ရတာခက်တာပေါ့"

"ဒါက. . . တစ်ဖက်စွန်းပေါ့။ တချို့ကျတော့လည်း စကားတံရှည်လွန်းတဲ့တစ်ဖက်စွန်းကိုရောက်တတ်တယ်။ ငါ့မိတ်ဆွေတစ်ယောက်က သူခရီးသွားတဲ့အကြောင်းကို ဘယ်လိုပြောတယ်ထင်သလဲ။ 'ငါမော်လမြိုင်ကို သွားတာ၊ သွားလည်းသွားရော ရောက်ရော'တဲ့။ ငါက နားထောင်ရင်း စိတ်မရှည်တာနဲ့ 'သွားတဲ့နောက်တော့ ရောက်တာပေါ့ကွာ၊ ဘာထည့်ပြောစရာ လိုလို့လဲ' လို့ သူ့ကိုပြောရတယ်"

"မှတ်သားလောက်ပါပေတယ်ကွာ"

"တချို့လူတွေကျတော့ စကားပြောရာမှာ အဲဒီလိုမလိုအပ်တဲ့ အသေးစိတ်တွေထည့်ပြောပြီး စကားတွေဖောင်းပွနေရောလေ။ တော်တော်နဲ့ လိုရင်းမရောက်ဘူး။ စာရေးရင်လည်း အဲဒီလိုပဲ ဝေ့လည်လည်ဖြစ်ပြီး မလိုအပ်ဘဲ 'ရှည်လျားပေများ' နေတတ်တယ်လေ"

"မင်းပြောလို့ ငါ့တပည့်တစ်ယောက်အကြောင်း အားကျမခံပြောပြရဦးမယ်။ တစ်ခါက သူအလုပ်အင်တာဗျူးတစ်ခု သွားဖြေတဲ့အကြောင်း ငါ့ကိုပြောပြတာလေ"

"ဘယ်လိုပြောလို့လဲ"

"သူပြောသလို ငါပြောပြမယ်။ အဲ. . . အင်တာဗျူးဖြေမယ့်သူတွေ အခန်းထဲဝင်ထိုင်ကြပါလို့ အသက်ကြီးကြီးခပ်ဝဝအမျိုးသမီးတစ်ယောက်က လာပြောလို့ ကျွန်တော်တို့ အခန်းထဲကကုလားထိုင်တွေမှာ ဝင်ထိုင်ကြတယ်။ ကျွန်တော့်ရှေ့မှာ မောင်မောင်ထိုင်တယ်။ မောင်မောင်ရဲ့ညာဘက်မှာ အေးထွန်း၊ အေးထွန်းရှေ့ကတော့ ကျွန်တော်မသိတဲ့သူတစ်ယောက်ထိုင်တယ်။ ကျွန်တော့်နောက်က ကုလားထိုင်မှာ ဇော်ထွန်းထိုင်တယ်။ အဲ- ဇော်ထွန်းရဲ့ ဘယ်ဘက်မှာဘယ်သူပါလိမ့်မယ်၊ အဲ-ဇော်ထွန်းရဲ့ဘယ်ဘက်မှာ ကျော်ဝင်းပေါ့။ ကျော်ဝင်းနောက်က ကုလားထိုင်ကတော့ လွတ်နေတယ်။ ကျွန်တော်တို့ဝင်ထိုင်ပြီး ၁၅ မိနစ်လောက်ကြာတော့ အထဲက အခန်းထဲကို တစ်ယောက်စီခေါ်မေးတယ်တဲ့ဗျာ"

"အောင်မယ်လေး၊ မင်းပြောတာနားထောင်နေရတာတောင် တော်တော်မောပြီ"

"တကယ်တော့ သူပြောတာတွေက တစ်ခုမှ အရေးမပါတာတွေချည်းပဲလေ။ ဘယ်သူဘယ်နေရာထိုင်နေတယ်ဆိုတာ အရေးတကြီးပြောစရာ ဘာလိုလို့လဲ။ မှတ်ထားစရာလည်း မလိုပါဘူး။ ကျွန်တော်တို့ ဘယ်သူတွေ အင်တာဗျူးဖြေရတယ်လို့ တစ်ခွန်းတည်းပြောရင်ပြီးတဲ့ဟာ။ သူပြောတာ နားထောင်နေရင်း အဲဒီမလိုအပ်တဲ့အသေးစိတ်တွေ သူဘာဖြစ်လို့ စိတ်ထဲမှာ မှတ်ထားပြီး အရေးတကြီး ပြောပြနေတာပါလိမ့်လို့ အံ့ဩနေမိတယ်ကွာ"

"ဟုတ်ပါရဲ့။ 'ဘို'လိုပြောရရင်တော့ unnecessary details ပေါ့ကွာ။ စကားပြောရာမှာဖြစ်ဖြစ်၊ စာရေးရာမှာဖြစ်ဖြစ် အဲဒီမလိုအပ်တဲ့အသေးစိတ်တွေမဖယ်နိုင်ရင် အသုံးဝင်တဲ့ပစ္စည်းတွေထဲမှာ အမှိုက်သရိုက်တွေဝင်ရောနေသလို လိုရင်းတိုရှင်းမဖြစ်နိုင်ဘူးပေါ့ကွာ။ ကဲ တို့ခုလိုပြောလိုက်ဆိုလိုက်ရတော့ စိတ်ထဲမှာ ရှင်းသွားတာပေါ့ သူငယ်ချင်းရာ"။ ။

'ဘို' လိုပြောရရင်တော့ unnecessary details ပေါ့ကွာ။ စကားပြောရာမှာဖြစ်ဖြစ်၊ စာရေးရာမှာဖြစ်ဖြစ် အဲဒီမလိုအပ်တဲ့အသေးစိတ်တွေမဖယ်နိုင်ရင် အသုံးဝင်တဲ့ပစ္စည်းတွေထဲမှာ အမှိုက်သရိုက်တွေ ဝင်ရောနေသလို လိုရင်းတိုရှင်း မဖြစ်နိုင်ဘူးပေါ့ကွာ . . .

အာဆီယံအသိုက်အဝန်းသုတကွန်ရက်ဆိုင်ရာ ညီလာခံ မန္တလေးတွင် ကျင်းပ

မန္တလေး မေ ၁၀

Chiang Rai Rajabhat University, Thailand ၏ ဦးဆောင်မှုဖြင့် (၁၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ညီလာခံအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ Mandalay Hill Resort Hotel ခန်းမ၌ 'ASEAN Community Knowledge Networks for the Economy, Society, Culture and Environmental Stability" ခေါင်းစဉ်ဖြင့်ကျင်းပရာ သဘာပတိ ရတနာပုံ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး၊ President of Chiang Rai Rajabhat University, Assistant Professor Dr.Thosapol Arreenich၊ မန္တလေး ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ခင်မြသက်၊ မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် Shinawatra University, Thailand မှ Dr. John Christopher Walsh နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ တင်ထွဋ်တို့က Keynote Speech ပြောကြားခဲ့ကြသည်။

ဆွေးနွေး

ဆက်လက်၍ Yuxi Normal University၊ Choxiong Normal University၊ Ho Chi Mihn City Open University၊ Huntington University၊ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မန္တလေးပညာရေးကောလိပ်တို့မှ တက်ရောက်လာကြသော ကျွမ်းကျင်သူပညာရှင်များက နိုင်ငံတကာ သုတနည်းပညာဖလှယ်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ကမ္ဘာနှင့်အညီ ရင်ပေါင်တန်းနိုင်ရေး အချက်အလက်များကို ဆွေးနွေးကြသည်။

နိုင်ငံတကာမှ ၁၁၀ နှင့် မြန်မာနိုင်ငံမှ ၈၀ တက်ရောက်ကြကာ သုတေသနစာတမ်းများဖတ်ကြားပြီး ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အာရှနှင့် ပစိဖိတ်ဒေသ၊ မဲခေါင်မြစ်ဝှမ်းဒေသတွင်း ကိစ္စရပ်များကို စီးပွားရေး၊ နည်းပညာ၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်စုံမှ တင်ပြဆွေးနွေးကြမည်ဖြစ်သည်။ ဆင်းရဲမှုလျှော့ချရေး၊ လူမှုဘဝမြှင့်တင်ရေး၊ ရွှေ့ပြောင်းလုပ်သားများ၏ လူနေမှုအဆင့်အတန်းမြှင့်တင်ရေး၊ အစားအစာဆေးဝါးအဆင့်အတန်းသတ်မှတ်ရေး၊ သက်ကြီးရွယ်အို လူမှုဘဝစောင့်ရှောက်ရေး၊ နိုင်ငံသယံဇာတနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ သိပ္ပံနှင့် နည်းပညာတိုးတက်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် စွမ်းအင်သယံဇာတထုတ်ယူသုံးစွဲမှု၊ နိုင်ငံရေး၊ စီးပွားရေးစိန်ခေါ်မှုများ၊ လူသားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုမူဝါဒများအတွက် ဆုံးဖြတ်ချက်များနှင့် အနာဂတ်အတွက် လုပ်ငန်းစဉ်များကို အုပ်စုအလိုက် အဓိကထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

Public Digital Library Service စက်များအသုံးပြုနိုင်

ရန်ကုန် မေ ၁၀

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်တွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်သော ပြည်သူများအလွယ်တကူစာဖတ်နိုင်ရေးအတွက် Public Digital Library Service စက်များကို မေ ၉ ရက်က ကျောက်တံတားမြို့နယ် ပညာ့အလင်းခေတ်မီစာကြည့်တိုက်၊ လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနနှင့် ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီးတို့၌ စတင်တပ်ဆင်ခဲ့သည်။ အဆိုပါ Public Digital Library Service စက်များအသုံးပြုပုံနည်းလမ်းများကို ဗီနိုင်းဖြင့် ကြေညာထားရာ သုံးစွဲသူပြည်သူများသည် မိမိတို့ရှိ Lap Topများ၊ Phone များ၊ Tablet နှင့် Note Bookရှိ WiFi ဖွင့်၍အသုံးပြုဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ကိုကိုးကျွန်းမြို့နယ် ဒေသခံပြည်သူများအားဆေးကုသမှုအပေါ် ကြည့်ရှုအားပေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မျက်စိ ခွဲစိတ်ကုသမှု ခံယူသူများအား မျက်မှန်များ ကိုယ်တိုင်ကိုယ်ကျ တပ်ဆင်ပေးနေစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၀

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ကိုကိုးကျွန်းမြို့နယ် မြို့နယ်ဆေးရုံတွင် ရောက်ရှိနေသည့် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့၏ ဒေသခံပြည်သူများအား ဆေးကုသမှုအပေါ် ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မျက်စိခွဲစိတ်ကုသမှုခံယူသူများ၊ မျက်စိအားနည်းသူများကို အားပေးစကားပြောကြား၍ နေကာမျက်မှန်၊ စာကြည့်မျက်မှန်နှင့် အဝေးကြည့်မျက်မှန်များကို ကိုယ်တိုင်ကိုယ်ကျ တပ်ဆင်ပေးကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် ကလေးအထူးကုအဖွဲ့၊ ခွဲစိတ်အထူးကုအဖွဲ့၊ အရိုးအကြောအထူးကုအဖွဲ့၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုအဖွဲ့၊ ရောဂါရှာဖွေရေးပါရဂူအဖွဲ့၊ ဓာတ်မှန်နှင့်ပုံရိပ်ဖော်ပါရဂူအဖွဲ့၊ အထွေထွေရောဂါအထူးကုအဖွဲ့၊ နှလုံးဓာတ်မှန် (Echocardio-gran)၊ သွားနှင့်ခံတွင်း အထူးကုအဖွဲ့နှင့် သားဖွားမီးယပ် အထူးကုအဖွဲ့တို့၏ ဒေသခံပြည်သူများအပေါ် ဆေးကုသမှု ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှု၍ လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြို့နယ်ခန်းမ၌ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)က စားသောက်ဖွယ်ရာများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ကျောင်းသုံးဗလာစာအုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်းက အားကစားပစ္စည်းများနှင့်စစ်ရေးချုပ်က စာအုပ်စာစောင်များကို ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းသည် ရန်ကုန်မှ ၂၄၂ မိုင်၊ ဟိုင်းကြီးကျွန်းမှ ၁၂၈မိုင်ကျော်ဝေးကွာပြီး ပင်လယ်ပြင်အတွင်းတည်ရှိသည့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်မြို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ တပ်မတော်အနေဖြင့် လေကြောင်း၊ ရေကြောင်းဖြင့်သယ်ယူပို့ဆောင်မှုများ ဆောင်ရွက်ပေးနေကြောင်း၊ စုစုပေါင်း လေယာဉ် ၁၇ ခေါက်၊ ရေယာဉ် ၃၄ ခေါက်ဖြင့်ပစ္စည်းများ ပို့ဆောင်ရေးသာမက လူပုဂ္ဂိုလ်များသွားလာရေးကိစ္စရပ်များ၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အဆင်ပြေစေရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုလည်း အထူးကုဆရာဝန်များစွာပါဝင်သည့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များ စေလွှတ်ဆောင်ရွက်ခဲ့ရာ လူနာ ၃၆၀ ကျော်တို့၏ ရောဂါဝေဒနာမျိုးစုံကို ဆေးကုသပေးနိုင်ခဲ့ကြောင်း၊ အဓိကအားဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေခံလူထု၊ ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများနှင့်နယ်မြေခံတပ်တို့ချစ်ကြည်ရင်းနှီးစွာဆက်ဆံ ၍ စည်းလုံးညီညွတ်စွာဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ယင်းသို့ပြုမူ နေထိုင်ခြင်းဖြင့် မိမိအတွက်နှင့်ဒေသအတွက်ပါ အကျိုးပြုစေမည့် ခွန်အားတစ်ရပ်ရရှိစေမည်ဖြစ်ကြောင်း၊ လက်ရှိ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် မြို့နေလူထု၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် တပ်မတော်စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်စေရန် အကြံပြုလိုကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။ အမှာစကားပြောကြားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

နဝမအကြိမ် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နဝမအကြိမ် ၂၀၁၂ ခုနှစ်အတွက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၀

စွယ်စုံမီဒီယာဂရု(ပ်)၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်သည့် နဝမအကြိမ် ၂၀၁၂ ခုနှစ်အတွက် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The Strand Hotel ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ ဆုများချီးမြှင့်သည်။

အခမ်းအနားတွင် စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်းနှင့်ဆုရွေးချယ်ရေးအဖွဲ့၏သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က သုတစွယ်စုံ တစ်သက်တာစာပေဆုရ ဦးခင်မောင်လေး (ဖိုးသောကြာ-ခေတ်+မိုး)နှင့် သုတစွယ်စုံစာပေဆု (အတ္ထုပ္ပတ္တိစာပေ) ဆုရ "မြန်မာ့လွတ်လပ်ရေးခရီးနှင့် ဦးနု" စာအုပ်ရေးသားသူ တက္ကသိုလ်စိန်တင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက သုတစွယ်စုံစာပေဆု (လူငယ် စာပေ)ဆုရ "အောင်မြင်မှုဆီသို့"စာအုပ်ရေးသားသူ ဒေါက်တာခင်မောင်ညို၊ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်က သုတစွယ်စုံစာပေဆု(စာပဒေသာ) ဆုရ "ပုဂ္ဂိုလ်ထူးတို့၏ဘဝတစ်ကွေ့"စာအုပ်ရေးသားသူ တင်နိုင်တိုး၊ စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက သုတစွယ်စုံစာပေဆု(နိုင်ငံရေးစာပေ) ဆုရ "ဒီမိုကရေစီပါရာဒိုင်း" စာအုပ်ရေးသားသူ တင်ညွန့်နှင့် သုတစွယ်စုံစာပေဆု(ဘာသာပြန်)ဆုရ "အထူးကုဆရာဝန်ကြီးတွေရဲ့ အတွေ့အကြုံများ " စာအုပ်ရေးသားသူ ဒေါက်တာဝင်း(ဆေး-မန်း)နှင့် စွယ်စုံမီဒီယာဂရု(ပ်)မန်နေဂျင်းဒါရိုက်တာဒေါက်တာခင်မိုးမိုးက သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံ) ဆုရ "လေဆာရောင်ခြည်ဖြင့် မျက်မှန်ပါဝါလျှော့ချခြင်းနှင့် အခြားမျက်မှန်ဆိုင်ရာဆောင်းပါးများ" စာအုပ်ရေးသားသူ ဒေါက်တာ မင်းသိမ်းတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌနှင့် မန်နေဂျင်းဒါရိုက်တာတို့က ၂၀၁၄ ခုနှစ် စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအတွက် မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ လှူဒါန်းငွေကျပ် ၁၅ သိန်းကို မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်) ထံလည်းကောင်း၊ ဟင်္သာတမြို့နယ် နိဗ္ဗာန်ကျေးရွာ ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံစာကြည့်တိုက်သို့ လှူဒါန်းငွေကျပ် ၁၀ သိန်းကို ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံစာကြည့်တိုက်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီထံ လည်းကောင်း ပေးအပ်လှူဒါန်းပြီး ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဆုရွေးချယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)ထံ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် ဆုရရှိကြသူများကိုယ်စား တက္ကသိုလ်စိန်တင်၊ဒေါက်တာခင်မောင်ညိုနှင့် ဖိုးသောကြာ(ခေတ်+မိုး)တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆုရရှိကြသူများနှင့် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

မြစိမ်းရောင် ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ ဟားခါး၌ကျင်းပ

ဟားခါး မေ ၁၀

ကျေးလက်နေပြည်သူများ၏စီးပွားရေးနှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို မေ ၈ ရက် နံနက် ၉ နာရီက ဟားခါးမြို့ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဌေးဝင်းက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်ဇော်၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူတစ်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း Power Point နှင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများက လုပ်ဆောင်ရမည့်အချက်များနှင့် ပတ်သက်၍ လည်းကောင်း၊ တက်ရောက်လာကြသည့် လူမှုရေးအဖွဲ့အစည်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်၎င်းတို့၏ စီမံကိန်းလုပ်ဆောင်ချက်များကို တင်ပြကာ အမြင်ချင်းဖလှယ်ကြသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာ ၁၁၅၀ အတွက် ကျပ် ၃၄ ဒသမ ၅ဘီလီယံဖြင့် တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးမည်ဖြစ်ပြီး ချင်းပြည်နယ်တွင် ၂၄ ရွာစတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း AIPA ဥက္ကဋ္ဌ၊ လာအိုနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ကမ္ဘောဒီးယားနိုင်ငံ First Vice-President of the National Assembly ဦးဆောင်သောအဖွဲ့အား သီးခြားစီတွေ့ဆုံ

နေပြည်တော် မေ ၁၀

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် AIPA ဥက္ကဋ္ဌ လာအိုနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Hon.Pany Yathotou ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်ဧည့်ဂေဟာ Royal ACE Hotel ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

လက်ခံတွေ့ဆုံ

အလားတူ ပြည်ထောင်စုလွှတ်တော်နာယကသည် ကမ္ဘောဒီးယားနိုင်ငံ First Vice-President of the National Assembly H.E.Dr. Nguon Nhel ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း AIPA ဥက္ကဋ္ဌ လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Hon.Pany Yathotou အား နေပြည်တော်ရှိ နိုင်ငံတော် ဧည့်ဂေဟာ Royal ACE Hotel ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်နာယကက အမှာစကားပြောကြားရာတွင် ၂၀၁၁ ခုနှစ် ဇန်နဝါရီလက စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ လွှတ်တော်သည် မိတ်ဆွေ အာဆီယံနိုင်ငံ လွှတ်တော်များနှင့်စာလျှင် သက်တမ်းအလွန်နုနယ်သေးပါကြောင်း၊ အာဆီယံပါလီမန်များညီလာခံ (AIPA) မျက်နှာစုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံမှ လေ့လာသူ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်လာပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင်လည်း အပြည်ပြည်ဆိုင်ရာ ပါလီမန်များ သမဂ္ဂ(IPU)၏အဖွဲ့ဝင်ဖြစ်လာပါကြောင်း။

မိမိကိုယ်တိုင် လွှတ်တော်ကိုယ်စားလှယ်များကို ဦးဆောင်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာအစည်းအဝေးများကို တက်ရောက်ခဲ့ပြီး လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအရလည်း ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်းစုံရှိ လွှတ်တော်များသို့ သွားရောက်လေ့လာခဲ့ပါကြောင်း၊ လေ့လာရေးခရီးစဉ်များသည် လွှတ်တော်ဥက္ကဋ္ဌအဖြစ် လုပ်ငန်းတာဝန်များကို ဦးဆောင်ရာ၌ အထောက်အကူများစွာ ဖြစ်စေပါကြောင်း။

မြန်မာလွှတ်တော်ကိုယ်စားလှယ်များသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာလွှတ်တော် အစည်းအဝေးများသို့ တက်ရောက်ခြင်းအားဖြင့် အခြားနိုင်ငံ လွှတ်တော်ကိုယ်စားလှယ် အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခွင့်ရပြီး အတွေ့အကြုံများ ဖလှယ်နိုင်ကြပါကြောင်း၊ လွှတ်တော်ရုံးဝန်ထမ်းများ အရည်အသွေး မြှင့်တင်ရန်အတွက်လည်း အရေးကြီးသည့်အတွက် ပြည်တွင်း ပြည်ပသင်တန်းများသို့ စေလွှတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံက ဖော်ဆောင်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ခေတ်စနစ်နှင့်လျော်ညီမှုရှိသည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရန် လွန်စွာအရေးကြီးပါကြောင်း၊ မိမိတို့လွှတ်တော်သည် နိုင်ငံတော်၏ ဥပဒေပြုရေးကဏ္ဍ၌ ထိရောက်စွာ အကျိုးပြုလျက်ရှိပါကြောင်း၊ ကြုံကြိုက်စဉ် အသိပေးလိုသည်မှာ လွှတ်တော်သက်တမ်း သုံးနှစ်တာကာလတွင် နိုင်ငံနှင့် လိုက်လျောညီထွေမှုမရှိသော ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဥပဒေအသစ်များ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဥပဒေစုစုပေါင်း ၉၈ ခုကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍ ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးသည် မနက်ဖြန်တွင် ကျင်းပမည့် (၂၈) ကြိမ်မြောက် ASEAN ထိပ်သီးအစည်းအဝေးတွင် အစီအစဉ်တစ်ခုဖြစ်သည့် ASEAN-AIPA တွေ့ဆုံပွဲအတွက် အကြိုညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ အာဆီယံခေါင်းဆောင်များနှင့် တွေ့ဆုံသည့်အခါ AIPA ဥက္ကဋ္ဌ လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ASEAN ပါလီမန်များညီလာခံ၊ ကိုယ်စားလှယ်အဖွဲ့များအားလုံးကိုယ်စား မိန့်ခွန်းပြောကြားမည် ဖြစ်ပါကြောင်း။

ထိပ်သီး အစည်းအဝေးတွင် AIPA နှင့် ASEAN ဆက်ဆံရေး ပိုမိုမြှင့်တင်ရန် AIPA အဖွဲ့ဝင်လွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် AIPA အတွင်းရေးမှူးချုပ်ရုံးကို အင်အားဖြည့်တင်းရန် စသည့်ကိစ္စရပ်များကို အလေးထားဆွေးနွေးသင့်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ASEAN အသိုက်အဝန်း ထူထောင်ရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ပြည်သူဗဟိုပြု ASEAN ဖြစ်စေရေးအတွက် ပြည်သူများနှင့်ထိတွေ့ပြီး ကိုယ်စားပြုနေသည့်လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်မှုမှာ အဓိကကျလျက်ရှိပါကြောင်း၊ ယခုတာဝန်များကို ASEAN ပါလီမန်များညီလာခံ AIPA အဖွဲ့ဝင်အားလုံး ကြိုးပမ်းဆောင်ရွက်နေကြကြောင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ထုတ်ဖော်ပြောကြားနိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် AIPA ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် AIPA အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ASEAN-AIPA မျက်နှာစုံညီအစည်းအဝေးတွင် AIPA ဥက္ကဋ္ဌပြောကြားမည့် မိန့်ခွန်းကို တစ်ပိုဒ်ချင်းစီအလိုက် အကြံပြုဆွေးနွေးကြပြီး အတည်ပြုဆုံးဖြတ်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၊ AIPA ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အာဆီယံ လွှတ်တော်ကိုယ်စားလှယ်များ၏ ပထမအကြိမ် တွေ့ဆုံဆွေးနွေးမှုကို ၁၉၇၅ ခုနှစ် ဇန်နဝါရီလက အင်ဒိုနီးရှားနိုင်ငံ၌လည်းကောင်း၊ ဒုတိယအကြိမ် ဆွေးနွေးမှုကို ၁၉၇၅ ခုနှစ် ဩဂုတ်လက မလေးရှားနိုင်ငံ၌ လည်းကောင်း၊ တတိယအကြိမ် ဆွေးနွေးမှုကို ၁၉၇၇ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့သည်။

ယခု AIPA ဖြစ်လာသည့်အဖွဲ့ကို ၁၉၇၇ ခုနှစ်တွင် AIPO (ASEAN Inter -Parliamentary Organization) အဖြစ် ဖွဲ့စည်းခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပသည့် AIPO အစည်းအဝေးတွင် AIPA အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

လက်ခံခဲ့

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်၊ ၁၉၉၉ ခုနှစ်၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်တို့တွင် ကျင်းပသည့် AIPA အစည်းအဝေးများသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် မြန်မာလွှတ်တော်များ ပေါ်ပေါက်လာပြီး နောက်ပိုင်း အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေး ဆောင်ရွက်ခဲ့ရာ (၃၂) ကြိမ်မြောက် AIPA အစည်းအဝေးက မြန်မာနိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးများနှင့် သံအမတ်ကြီးများ စက်ရုံစုကယ်ဆယ်ရေးစခန်း၌ လှည့်လည်ကြည့်ရှုစဉ်။

✲ *ကျောဖုံးမှ*

ဗိုလ်ချုပ်မောင်မောင်အုန်းက မတ်လအတွင်း UN/INGOs ရုံး၊ နေအိမ်၊ ဂိုဒေါင်များကို ဒေသခံအချို့ ဝင်ရောက်ဖျက်ဆီးခဲ့သည့် အခြေအနေများ၊ အခင်းဖြစ်ပွားပြီးနောက် ဆောင်ရွက်ထားရှိသည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်UN/INGOs အဖွဲ့အစည်းများ၏ မူလလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်စီစဉ်ထားရှိမှုများ၊ စစ်တွေနည်းပညာ အထက်တန်းကျောင်း၊ ပြည်တော်သာရပ်ကွက်နှင့် အနောက်စံပြရပ်ကွက်များအတွင်း UN/INGOs စသည့်အဖွဲ့အစည်းများအတွက် ယာယီပြန်လည်နေရာချထားမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ရခိုင်ပြည်နယ်အတွင်း အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် UN/INGOs စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ UNOCHA အကြီးအကဲ MARK CUTTS က UNOCHA နှင့် ECC တို့ အနီးကပ်ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားခဲ့သည့် အုပ်စုနှစ်စုအကြား အိမ်ထောင်စုစာရင်း မှန်ကန်စွာ ကောက်ယူနိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးက လူမျိုးဘာသာမခွဲခြားဘဲ ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် သံအမတ်ကြီးများသည် စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုကြသည်။

ကယ်ဆယ်ရေးစခန်းများ၌ နှစ်ဖက်အဖွဲ့အစည်းများအား ကျန်းမာရေးစောင့်ရှောက်နေမှုနှင့် ပတ်သက်၍ ဒေသခံများ၏ အမြင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မအောန္တာဘောဂွန်၊ ဒါးပိုင်ကျေးရွာ

"ကျွန်မက ကိုယ်ဝန်ရှိနေလို့ ကာကွယ်ဆေး လာထိုးတာပါ။ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ကျွန်မတို့ အားရကျေနပ်ပါတယ်"



ရခိုင်ပြည်နယ်၌ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေစဉ်။

မချောစုလှိုင်၊ သူနာပြု၊ ဒါးပိုင်အရေးပေါ်ဆေးရုံ

"ကျွန်မတို့ ဒါးပိုင်အရေးပေါ်ဆေးရုံကို ရောက်လာတဲ့လူနာတွေအားလုံးကို နွေးထွေးစွာကြိုဆိုပြီး ကျန်းမာရေးကောင်းမွန်အောင် ပြုစုစောင့်ရှောက် ကုသပေးနေပါတယ်"

မခိုင်စိုးနီ

စက်ရုံစုကယ်ဆယ်ရေးစခန်း

"ကျွန်မကလေးနေမကောင်းလို့ ဒီဆေးခန်းကိုလာပြတာပါ။ ကျွန်မတို့ ကယ်ဆယ်ရေးစခန်းမှာ အခမဲ့ ကျန်းမာရေးစောင့်ရှောက်ကုသပေးလို့ အားလုံးကဝမ်းသာကြတယ်၊ ဖျားနာတဲ့သူတွေအားလုံးကို အဆင့်အတန်းမခွဲခြားဘဲ ပြုစုကုသပေးလို့ ကျေနပ်ပါတယ်"

မတင်အေး၊ သူနာပြုဆရာမ၊

စက်ရုံစုကယ်ဆယ်ရေးစခန်း

"ကျွန်မတို့စခန်းကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေက ကျန်းမာရေးစောင့်ရှောက်မှု လာပေးကြပါတယ်။ စခန်းမှာ ဆရာဝန်၊ ဆရာမတွေနဲ့ အမျိုးသမီးကျန်းမာရေးဆရာမစတဲ့ ကျန်းမာရေးဝန်ထမ်းတွေ အမြဲတမ်းအသင့်ရှိပါတယ်။ အားလုံးကို ဆေးဝါးအပြည့်အစုံနဲ့ အခမဲ့ ကျန်းမာရေး စောင့်ရှောက်ကုသပေးနေခြင်းဖြစ်ပါတယ်" **(သတင်းစဉ်)**

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့များရောက်ရှိ

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့တက်ရောက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့များသည် ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်သို့ ရောက်ရှိကြသည်။

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ခ်ျဟွန်ဆန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆန်နယ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒေါင်လာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဆူစီလိုဘမ်ဘမ်း ယူဒိုရိုနိုနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီဟာဂျီမိုဟာမက်နာဂျစ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းနှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် သောင်ဆင်း သမ်မာဗောင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ ဘီနစ်ဂ်နိုအာကီနိုဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ငုယင်တန်ဇွန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ မှစတင်၍ အထူးလေယာဉ်များဖြင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ဦးဇေယျာအောင်၊ ဦးသန်းဌေး၊ ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဦးဇင်ယော်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်၊ သံအမတ်ကြီးများ၊ တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံအလိုက် တည်းခိုရမည့် ဟိုတယ်များသို့ ပို့ဆောင်နေရာချထားပေးခဲ့ကြသည်။

(သတင်းစဉ်)

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီဟာ ဆန်နယ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါ ဒေါင်လာ ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ နေပြည်တော် သို့ ရောက်ရှိ စဉ်။ (သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ခ်ျဟွန်ဆန် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ နေပြည်တော် သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဆူစီလိုဘမ်ဘမ်း ယူဒိုရိုနိုနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ နေပြည်တော် သို့ ရောက်ရှိ စဉ်။ (သတင်းစဉ်)

လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် သောင်ဆင်း သမ်မာဗောင် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့နေပြည်တော် သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ ဟာဂျီမိုဟာ မက်နာဂျစ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ နေပြည်တော် သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ ဘီနစ်ဂ်နို အာကီနို ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ နေပြည်တော် သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော် သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ နေပြည်တော် သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

အာဆီယံခေါင်းဆောင်များနှင့်အာဆီယံလူမှုရေးအဖွဲ့အစည်း ကိုယ်စားလှယ်များတွေ့ဆုံပွဲကို ကျင်းပနိုင်ခြင်းမရှိတော့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်

နေပြည်တော် မေ ၁၀

ယနေ့ ရက်စွဲဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။ အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

သတင်းထုတ်ပြန်ချက်

နေပြည်တော်တွင် ကျင်းပလျက်ရှိသည့် (၂၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးကာလအတွင်း ၁၁-၅-၂၀၁၄ ရက်နေ့တွင် ယခင်ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးများ၏ အစဉ်အလာနှင့်အညီ အာဆီယံ နိုင်ငံခေါင်းဆောင်များနှင့်အာဆီယံလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံပွဲကို ပြုလုပ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ယင်းအစီအစဉ်နှင့်ပတ်သက်၍ အာဆီယံလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပနိုင်ရန် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လိုအပ်သည့်ပြင်ဆင်မှုများကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ အာဆီယံခေါင်းဆောင်များနှင့် တွေ့ဆုံပွဲသို့တက်ရောက်မည့် အာဆီယံလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို သက်ဆိုင်ရာ အာဆီယံနိုင်ငံများမှ အတည်ပြုသတ်မှတ်ပေးရန် လုပ်ထုံးလုပ်နည်းအတိုင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့သော်လည်း အာဆီယံနိုင်ငံအချို့မှ ရွေးချယ်အတည်ပြုခဲ့သော ကိုယ်စားလှယ်များကို အာဆီယံဆိုင်ရာ လူမှုအဖွဲ့အစည်းများ ကွန်ဖရင့်/အာဆီယံ ပြည်သူများဖိုရမ် ၂၀၁၄ (ASEAN Civil Society Conference/ ASEAN People's Forum 2014) မှ လက်ခံနိုင်ခြင်းမရှိကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့စာပေးပို့၍ တွေ့ဆုံပွဲသို့ တက်ရောက်တော့မည်မဟုတ်ကြောင်း အကြောင်းကြားခဲ့ပါသည်။

ထိုသို့ တစ်ဖက်သတ်အမြင်နှင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၁-၅-၂၀၁၄ ရက်နေ့တွင် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူမှုရေးအဖွဲ့အစည်းကိုယ်စားလှယ်များ တွေ့ဆုံပွဲကို မူလစီစဉ်ထားသည့်အတိုင်း ကျင်းပနိုင်ခြင်းမရှိတော့ကြောင်း ကြေညာချက်ထုတ်ပြန်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
၂၀၁၄ ခုနှစ်၊ မေလ ၁၀ ရက်။

မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံသာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံသာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ယနေ့ ညနေ ၄ နာရီတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

လက်မှတ်ရေးထိုး

အဆိုပါ သဘောတူစာချုပ်ကို ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာအာရ်အမ်မာတီအမ်နာတာလီဂါဝါတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အခမ်းအနားသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံနိုင်ငံများအနေဖြင့် တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ DOC နှင့် COC ကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အလေးထားလျက်ရှိ

နေပြည်တော် မေ ၁၀

(၂၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို မေ ၁၀ ရက် ညနေ ၃ နာရီခွဲက နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနရှိ သန္တာခန်းမ၌ကျင်းပရာ**(ယာပုံ)** နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်တို့က ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ပြည်တွင်း၊ ပြည်ပသတင်းဌာနမှ သတင်းထောက်များ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်က တောင်တရုတ်ပင်လယ် အရေးကိစ္စအပေါ် အာဆီယံ၏ သဘောထားနှင့် စပ်လျဉ်း၍ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားရာ၌ အစည်းအဝေးတွင် လက်ရှိဒေသတွင်း တင်းမာမှုကို ဖြစ်ပေါ်နေသည့် တောင်တရုတ်ပင်လယ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုနှင့် ပတ်သက်၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက စိုးရိမ်မကင်းဖြစ်ခဲ့ကြကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် နှစ်ဦးနှစ်ဖက်ယုံကြည်မှုရရန် တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်ပြီး Declaration on the Conduct of Parties in the South China Sea (DOC) ကို ထိရောက်စွာ အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း။

ထို့အပြင် Code of Conduct in the South China Sea (COC) အဆုံးသတ်ရေးကိုလည်း အရှိန်မြှင့်လုပ်ဆောင်နေပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ အာဆီယံနိုင်ငံအတွင်း Smart Visa Schemes အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် အာဆီယံနိုင်ငံများသည် ဗီဇာနှင့် ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်မှုရှိအောင် လုပ်ဆောင်နေသော်လည်း Smart Visa Schemes ကိုမူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ၄င်းက ပြန်လည်ဖြေကြားသည်။

ထို့နောက် Asia Development Bank မှ ပညာရှင်တစ်ဦးက ၂၀၁၅ ခုနှစ်တွင် AEC ဖြစ်ပေါ်နိုင်သည့် အခြေအနေမရှိကြောင်းဖြင့် သုံးသပ်ခဲ့ကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး အာဆီယံအတွင်းရေးမှူးချုပ်၏ အမြင်ကိုသိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားရာတွင် ၂၀၀၉ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သော ယင်းစီမံကိန်းမှာ ၂၀၁၄ ခုနှစ်ဆိုလျှင် ခြောက်နှစ်နီးပါးရှိနေပြီဖြစ်ပါကြောင်း၊ Blueprint သုံးခုအပေါ် အခြေခံခဲ့ပြီး အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်၍ တစ်နှစ်လျှင် ပျမ်းမျှ ၁၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ Overall အနေဖြင့် ၈၀ ရာခိုင်နှုန်းရောက်ရှိလာပြီဖြစ်ပါကြောင်း၊ နောင်လာမည့် တစ်နှစ်ခွဲအတွင်း ပို၍ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုအခါ မိမိတို့သည် Overall လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာ့သတင်းစဉ်-နိုင်ငံခြား

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့



တောင်တရုတ်ပင်လယ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုနှင့်ပတ်သက်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ကြေညာချက် အလွတ်သဘောဘာသာပြန်ဆိုချက်

ဒေသတွင်း တင်းမာမှုကိုဖြစ်ပေါ်စေသည့် တောင်တရုတ်ပင်လယ်ပြင်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအပေါ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် အထူးစိုးရိမ်ပူပန်လျက်ရှိကြောင်းကို ဖွင့်ဟပြောကြားအပ်ပါသည်။

သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ၁၉၈၂ ခုနှစ် ကုလသမဂ္ဂကွန်ဗင်းရှင်းအပါအဝင် နိုင်ငံတကာဥပဒေ၏ အသိအမှတ်ပြုစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ကြရန်၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေနိုင်သောလုပ်ရပ်များကို ရှောင်ရှားကြရန်နှင့် ခြိမ်းခြောက်မှုနှင့်အင်အားသုံးမှုများကို ရှောင်ရှားပြီး အငြင်းပွားမှုကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းကြရန်တိုက်တွန်းအပ်ပါသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေး၊ တောင်တရုတ်ပင်လယ်အတွင်းနှင့် တောင်တရုတ်ပင်လယ်ပေါ်တွင် လေကြောင်း၊ ရေကြောင်းလွတ်လပ်စွာသွားလာနိုင်ရေးမှာ အရေးကြီးကြောင်းကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ ထို့အပြင် တောင်တရုတ်ပင်လယ်ဆိုင်ရာ အာဆီယံအခြေခံမူ(၆)ချက်နှင့် တောင်တရုတ်ပင်လယ်ဆိုင်ရာ(၁၀)နှစ်ပြည့် ထုတ်ပြန်ချက် (DOC) နှင့် စပ်လျဉ်းသည့် (၁၅)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်တို့မှာလည်း အရေးကြီးကြောင်း ဖော်ပြခဲ့ပါသည်။

DOC တွင်ပါဝင်သော နိုင်ငံများအနေဖြင့် အပြန်အလှန်ယုံကြည်စိတ်ချရသောအခြေအနေတစ်ရပ်ပေါ်ထွန်းရန် DOC ကို ထိရောက်စွာ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ဆိုင်ရာ နိုင်ငံများလိုက်နာရမည့် ကျင့်ဝတ်များ (COC)အမြန်ဆုံးပေါ်ပေါက်ရေးကို တွန်းအားပေးလုပ်ဆောင်ကြရာတွင်လည်းကောင်း အာဆီယံနိုင်ငံများ အားလုံးက ပူးပေါင်းဆောင်ရွက်ကြရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက တိုက်တွန်းအပ်ပါသည်။ **(သတင်းစဉ်)**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအထူးအစည်းအဝေးနှင့် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၀

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအထူးအစည်းအဝေးနှင့် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကျင်းပရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ကြိုဆိုပင့်ဆောင်ရေးနှင့် နေရာချထားရေးဆပ်ကော်မတီရုံးခန်း၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သယ်န်းကျွန်းမြို့နယ် မူလဆယ်တောင်ပြည့်ကျောင်းတိုက် ပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍိဗလ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း၊ ရွှေသံလွင်ကုမ္ပဏီနှင့်ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ မေ ၁၁ ရက်တွင် ကျင်းပမည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအထူးအစည်းအဝေးနှင့် မေ ၁၂ ရက်နှင့် ၁၃ရက်တို့တွင် ကျင်းပမည့် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ မေ ၁၀ ရက်အရောက် ကြွရောက်တော်မူရန် ပင့်ဆောင်ထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ နိုင်ငံတော်သြဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့်မြို့နယ်အဆင့် သံဃာ့အဖွဲ့အစည်းအသီးသီးတို့မှ ဆရာတော်ကြီးများနှင့် အထူးပင့်ဆရာတော်ကြီးများသည် အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့သို့ လေကြောင်းခရီး၊ ရေကြောင်းခရီးနှင့် ကုန်းကြောင်းခရီးတို့ဖြင့် ကြွရောက်တော်မူခဲ့ကြရာ အဆိုပါ ခရီးလမ်းကြောင်းအသီးသီးမှ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား ကြိုဆိုပင့်ဆောင်ရေးအဖွဲ့များက လေဆိပ်၊ရေဆိပ်၊ဘူတာရုံနှင့် ကားဂိတ်အသီးသီးတို့၌ ကြိုဆိုပင့်ဆောင်ရေးစခန်းများ ဖွင့်လှစ်ကြိုဆိုပြီး သီတင်းသုံးရာ ကျောင်းဆောင်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မေ ၁၀ ရက်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၃ ခုနှစ် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီးအားကစားသမားဆု ရရှိသူများနှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဂူရှူးအကောင်းဆုံး အားကစားသမားဆုရ ဝေဖြိုးအောင်အား ဆုချီးမြှင့်စဉ်။ ဓာတ်ပုံ-စိုးညွန့်

◆ *ကျောဖုံးမှ*

မန္တလေးအမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ တောင်းခံသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

မိဘပြည်သူများ၏ အကြံပြုချက်များကို ရန်ကုန်-မန္တလေးအမြန် လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့က အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပြီး အမြန်လမ်းမကြီးအသုံးပြုသည့် ခရီးသွားပြည်သူများအား ပုံစံစာရွက်ကို ခရီးအစ တိုးဂိတ်တွင် ပေးဝေသွားမည်ဖြစ်ကာ ခရီးစဉ်ကြုံတွေ့ရမှုအပေါ် ဖြည့်စွက်၍ အကြံပြုချက်များကို ခရီးစဉ်ပြီးဆုံးသည့် တိုးဂိတ်တွင် ပြန်လည်ပေးအပ်ခြင်းဖြင့် အကြံပြုပေးကြပါရန် မေတ္တာရပ်ခံထားကြောင်းလည်း သိရသည်။

စိုးဝင်း(SP)

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပြည်တွင်းပြည်ပ သတင်းမီဒီယာသမားများ သတင်းရယူ

သတင်း- မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် မေ ၁၀

(၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာတွင် မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပလျက်ရှိနေပြီဖြစ်သည်။ ပြည်တွင်းပြည်ပမှ သတင်းမီဒီယာသမားများလည်း တက်ရောက်လျက်ရှိရာ မီဒီယာသမားစုစုပေါင်း ၃၃၉ ဦး တက်ရောက်ကာ သတင်းဓာတ်ပုံများ ရယူလျက်ရှိနေသည်။

(၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ သတင်းထောက်များလည်း သက်ဆိုင်ရာနိုင်ငံအကြီးအကဲများနှင့်အတူ လိုက်ပါသတင်းဓာတ်ပုံရယူလျက်ရှိကြသည်။

အဆိုပါ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာသမားများမှာ ဘရူနိုင်းနိုင်ငံမှ ၁၀ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ နှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ၃၀၊ လာအိုနိုင်ငံမှ နှစ်ဦး၊ မလေးရှားနိုင်ငံမှ ၁၀ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ ၂၀၊ စင်ကာပူနိုင်ငံမှ ၁၃ ဦး၊ ထိုင်းနိုင်ငံမှ သုံးဦး၊ ဗီယက်နမ်နိုင်ငံမှ ၂၀တို့ ဖြစ်သည်။

၎င်းတို့မှာ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ လိုက်ပါလာကြသည့် မီဒီယာသမားများဖြစ်ကြသည်။

ထို့အတူ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် သတင်းဓာတ်ပုံ တက်ရောက်ရယူကြသည့် ပြည်တွင်းမီဒီယာသမား ၁၀၅ ဦး စာရင်းပေးထားပြီး မေ ၁၀ ရက်တွင် ၉၇ ဦး လာရောက်သတင်းရယူကြသည်။ တစ်ဖန် မေ ၁၀ ရက်တွင် ပြည်ပသတင်းမီဒီယာသမား ၆၂ ဦး သတင်းဓာတ်ပုံရယူရန် စာရင်းပေးထားရာ ၃၆ ဦးတို့ လာရောက်သတင်းရယူကြသည်။ ထို့အပြင် ပြည်တွင်းအခြေပြုပြည်ပသတင်းမီဒီယာသမား ၁၅၁ ဦး စာရင်းပေးထားရာ ၁၃၂ ဦး သတင်းလာရောက်ရယူခဲ့ကြသည်။

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မီဒီယာသမား ၁၃၆ ဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မီဒီယာသမား ၃၅ ဦး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မီဒီယာသမား ၅၄ ဦးနှင့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ မီဒီယာသမား ၅၄ ဦးတို့ သတင်းနှင့် ဓာတ်ပုံမှတ်တမ်းများ တက်ရောက်ရယူခဲ့ကြသည်။

(မြန်မာ့အလင်း)

နောင်ချိုမြို့နယ်၌ မိုးသည်းထန်စွာရွာ မိုးသီးများကြွေကျ

နောင်ချို မေ ၁၀

နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု ဘန့်ဘွေးကျေးရွာ၌ မေ ၇ ရက် ညနေ ၃ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး ဆီးဖြူသီးခန့် မိုးသီးများကြွေကျရာ မန္တလေး-လားရှိုး ကားလမ်းနှင့် နေအိမ်မြေပြင်တို့တွင် ဖြူဖွေးပြန့်ကျဲနေသည်ကို တွေ့မြင်ရသည်။ အချို့ကျေးရွာများတွင် မိုးကြိုးများပစ်ခဲ့ကြောင်း သိရသည်။

(ဝဇ၁)

SHANNI DEVELOPMENT PUBLIC CO., LTD.

ရှမ်းနီ ဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

ပထမအကြိမ်အစုရှယ်ယာဝယ်ယူခွင့် အဆိုပြုလွှာများစတင်ဖိတ်ခေါ်ခြင်း

(၁)။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၈၆၆/၂၀၁၃-၂၀၁၄ ဖြင့် ရှမ်းနီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (SDPC)ကို ပေးရန် တာဝန်ကန့်သတ်ထားသော လီမိတက်ကုမ္ပဏီအဖြစ် ၂၀၁၄ ခုနှစ် မတ် ၁၃ရက်တွင် မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

(၂)။ ဖွဲ့စည်းတည်ထောင်ခွင့်ပြုသည့် အချိန်မှစတင်၍ လုပ်ငန်းများတရားဝင်လုပ်ကိုင် ဆောင်ရွက်ခွင့်ရရှိရန် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ရာ ကုမ္ပဏီ၏ လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate for commencement of Business)ကို မှတ်ပုံတင်အမှတ် ၃/၂၀၁၄-၂၀၁၅ (၇-၄-၂၀၁၄)ရက်စွဲဖြင့် ရရှိခဲ့ပြီးဖြစ်ပါသည်။

(၃)။ ယခုအခါ အများပြည်သူများသို့ အစုရှယ်ယာများအား တရားဝင်ရောင်းချပေးတော့မည်ဖြစ်ရာ (ခ)အစုရှယ်ယာပေါင်း ၂၄၅၀၀ စု၊ ငွေကျပ်သိန်း ၂၄၅၀ကို တစ်ဦးလျှင် အများဆုံးအစု ၁၅၀ စု၊ ကျပ် ၁၅ သိန်းအထိ ဝယ်ယူနိုင်ကြောင်းနှင့် ၁၅-၅-၂၀၁၄ရက်မှ ၁၅-၇-၂၀၁၄ရက်အထိ အစုရှယ်ယာများကို ရောင်းချသွားမည်ဖြစ်ပါသည်။

(၄)။ အစုရှယ်ယာထည့်ဝင်ရန် စိတ်ပါဝင်စားသူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ နိုင်ငံသားများ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသောအသင်းများ၊ အဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းဆိုင်ရာ တောင်သူလယ်သမားများကို ရောင်းချရန်စီစဉ်ထားရာ အောက်ပါလိပ်စာများတွင် အစုရှယ်ယာထည့်ဝင်ရန် အဆိုပြုပုံစံများကို တန်ဖိုးကျပ် ၅၀ဖြင့် ဝယ်ယူ၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

မြစ်ကြီးနား ။ အမှတ်(၁၈၀၅)၊ လယ်ကုန်းရပ်၊ မြစ်ကြီးနားမြို့၊ ဦးလှိုင်မြင့်ဦး ဖုန်း-၀၉-၄၀၀၀၄၆၁၇၈၊ ၀၉-၄၇၀၂၄၃၇၆

မိုးကောင်း ။ ကညင်မြိုင်ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ဦးလှမြင့် ဖုန်း-၀၇၄-၄၄၃၂၀၊ ၀၉-၄၇၀၃၆၇၄၁

ဖားကန့် ။ ဆိပ်မူကျေးရွာ၊ ဖားကန့်မြို့နယ်၊ ဦးဝင်းဇော် ဖုန်း-၀၉-၄၀၀၀၁၇၂၆၆

ဟိုပင် ။ မြို့မမြောက်ရပ်ကွက်၊ နယ်မြေ(၂)၊ ၂၈/၁၉၂၊ ပြည်ထောင်စုလမ်း၊ ဟိုပင်မြို့၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၄၀၀၀၆၁၆၁၉၊ ၀၇၄-၆၂၅၃၆

မိုးညှင်း ။ အမှတ်(၁၉၃)၊ အုတ်ကျင်းရပ်ကွက်၊ မိုးညှင်းမြို့၊ ဦးစံလွင် ဖုန်း-၀၉-၂၅၆၀၅၇၄၆၃

မန္တလေး ။ အမှတ်(တ-၆/၄၇)၊ ၆၅ လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သစ်၊ ဦးအောင်မျိုးတင့် ဖုန်း-၀၉-၄၄၀၀၀၆၄၂၂

PAN ASIA TOWER

Vacancy Announcement

Pan Asia Majestic Eagle Ltd is in the commencement of telecommunication network deployment in the Republic of the Union of Myanmar and builds telecommunications network infrastructure. Our company is now seeking:

Site Engineer
(Upper Myanmar and Lower Myanmar) - 20 posts (M)

DUTIES AND RESPONSIBILITIES
- Undertake technical and feasibility studies including site investigation
- Check and monitor the assigned tasks
- Resolving design and development problems
- Ensuring project runs smoothly, structures are completed on time

REQUIREMENTS
- Must be GTC, B.Tech or BE specialized in Civil Engineering
- Work away from home for periods of time, frequent visits to sites
- Accountability, possess management and team building skills
- Communicate in the English Language

Interested applicants should submit an Application, CV with current and expected salary, NRC copy, Labour Registration Copy and recent photo not later than 24th May 2014 to sandar.htun@panasiatower.net, hr@panasiatower.net Or to the following address: Pan Asia Majestic Eagle Ltd, MICT Park, Building 15, First Floor, Room 202, Hlaing Township, Yangon, Myanmar.

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် မောင်ချစ်မင်းသူ ၁၄/မမက(နိုင်)၁၆၆၉၅၂နှင့် ကျွန်မ မခိုင်သဇင်ကျော် ၁၄/မမက(နိုင်)၁၈၀၁၃၈တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၇-၅-၂၀၁၄ရက်တွင် ကြည့်မြင်တိုင်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပါကြောင်း။

မောင်ချစ်မင်းသူ-မခိုင်သဇင်ကျော်

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံတောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၁၀၆၊ မြေကွက်အမှတ် ၆၀၃/က၊ အလျား ၂၀×အနံပေ ၆၀ ရရှိသူ အမည်ပေါက် ဒေါ်ဝင်းထံမှ စာချုပ်အဆင့်ဆင့် ဝယ်ယူသူ ဒေါ်ဌေး(ဘ) ဦးအုံးမောင် ၁၂/ပသန(နိုင်)၀၁၈၀၅၃တို့မှ မြေပါမစ်စာရင်းသွင်းခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်အား စာရင်းသွင်းဆောင်ရွက်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၁၀၆၊ မြေကွက်အမှတ်(၆၀၃/ခ)၊ (အလျားပေ ၂၀×အနံပေ ၆၀)ရရှိသူ အမည်ပေါက် ဦးမြကြိုင်ထံမှ စာချုပ်အဆင့်ဆင့်ဝယ်ယူသူ ဒေါ်ဌေး(ဘ) ဦးအုံးမောင် ၁၂/ပသန(နိုင်)၀၁၈၀၅၃တို့မှ မြေပါမစ်စာရင်းသွင်းခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်အား စာရင်းသွင်းဆောင်ရွက်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နွေစပါးအစားထိုး နွေနှမ်းများစိုက်ပျိုး

ဒီပဲယင်း မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်သည် ၂၀၁၄ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးစိုက်ပျိုးရန်လျာထားသည့် စိုက်ပျိုးမြေဧကအားလုံး ရေပေးဝေနိုင်မှုအခက်အခဲများကြောင့် တောင်သူများသည် ဆည်မြောင်းရေဖြင့် နွေနှမ်းရက် ၉၀ မျိုးကို နွေစပါးအစားထိုး စိုက်ပျိုးကြသည်။**(အပေါ်ပုံ)**

တောင်သူများအနေဖြင့် နွေနှမ်းစိုက်ပျိုးခြင်းသည် နွေစပါးတစ်ဧက စိုက်ပျိုးမှုကုန်ကျစရိတ်ထက် နွေနှမ်းတစ်ဧက စိုက်ပျိုးမှုကုန်ကျစရိတ်သည် တစ်ဝက်သက်သာပြီး ရာသီဥတုနှင့် အဆင်ပြေကိုက်ညီမှုရှိပါက ထွက်နှုန်း နွေနှမ်းတစ်ဧကလျှင် ၁၅ တင်းနှင့်တင်း ၂၀ ကြားထွက်ရှိမည်ဖြစ်၍ နှမ်းတစ်တင်းလျှင် ငွေကျပ် လေးသောင်း ရောင်းရမည်ဖြစ်သောကြောင့် စီးပွားရေးတွက်ခြေကိုက်မည်ဖြစ်ကြောင်း နှမ်းစိုက်တောင်သူ ဦးလှသောင်းက ပြောကြားသည်။

ဒီပဲယင်းမြို့နယ်သည် ၂၀၁၃ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးပင်များအနှံထွက်ချိန် ဆစ်ပိုးနှင့် ကုတ်ပိုးမွှိုရောဂါများ ကျရောက်သဖြင့် စပါးခင်းများ ပျက်စီးဆုံးရှုံးခဲ့၍ စပါးထွက်နှုန်းများ သိသိသာသာ လျော့ကျကာ တောင်သူများ အရှုံးပေါ်ခဲ့သည်။ သို့သော်လည်း တောင်သူများအနေဖြင့် ယခုနှစ် နွေနှမ်းစိုက်ပျိုးခြင်းဖြင့် စီးပွားရေးအဆင်ပြေမှုများရှိလာနိုင်ကြောင်း သိရသည်။

အောင်လင်း(iprd)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၅-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၂၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၃၅၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၂၇၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၈၀၀-၃၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၆၀၀၀-၇၉၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၃၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၇၅၀၀-၂၀၀၀၀
၈။	ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၅၉-၉၆၇
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၂-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၀-၇၇၅
ထိုင်း	တစ်ဘတ်	ကျပ် ၃၀-၃၁.၂
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၄.၉-၁၅.၅
တရုတ်	တစ်ယွမ်	ကျပ် ၁၅၅-၁၆၀
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၂-၂၉၈

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၆၅၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၂၀၅၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၆၅
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၅၀-၄၆၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၈၀၀-၁၃၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၃၅၀
အာလူး(အောင်ပန်း)	တစ်ပိဿာ	၅၃၀-၆၃၀
ငရုတ်ရှည်(ညောင်ရမ်းမိုး)	တစ်ပိဿာ	၂၄၅၀-၂၅၀၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၅၀၀၀-၅၃၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံ... ခင်ဆိုင်-စေ့ငုတင်ပြသည်။

မီးလောင်ပျက်စီးခဲ့သည့်နေအိမ်များ ဆောက်လုပ်ရန်အလှူငွေပေးအပ်

မိတ္ထီလာ မေ ၁၀

၂၀၁၃ခုနှစ် မတ်လအတွင်းက ဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်တွင် မီးလောင်ပျက်စီးသွားသည့် မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်နှင့် သီရိမင်္ဂလာရပ်ကွက်နှစ်ခုမှ အိမ်ထောင်စု ၁၁စု၏ လူနေအိမ်များကို ပြန်လည်ဆောက်လုပ်ရန်အတွက် လှူဒါန်းငွေပေးအပ်ပွဲကို မေ ၉ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အမှာစကားပြောပြီး အလှူရှင်များကိုယ်စား မြတ်နိုးပီတိဆရာတော် ဘဒ္ဒန္တပညိန္ဒြိယက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးမြင့်အေးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက်မြတ်နိုးပီတိဆရာတော်က ငွေကျပ်သိန်း ၅၀၊ ဝိသာခါအဖွဲ့က ငွေကျပ် ၁၀သိန်း၊ ငွေတောက်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်က ငွေကျပ်တစ်သိန်း၊ ရှုဒိုးမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးခင်ဇော်နှင့် အဖွဲ့က ငွေကျပ်ခြောက်သိန်း စုစုပေါင်းငွေကျပ် ၆၈ သိန်းနှင့် လူနေအိမ် ၁၁ လုံးအတွက် အမိုးသွပ်များကို ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက လက်ခံရယူသည်။ အဆိုပါ လှူဒါန်းငွေများဖြင့် သီရိမင်္ဂလာရပ်ကွက်တွင် လူနေအိမ်ငါးလုံး၊ ရန်မျိုးအောင်ရပ်ကွက်တွင် လူနေအိမ်ခြောက်လုံး အသစ်ပြန်လည် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

OTS (99) ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အလှူနှင့်မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

OTS (99)၏ (၁၆)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အလှူကို နေပြည်တော်မဟာလယ်တီစံကျောင်းတွင် ၁၇-၅-၂၀၁၄ရက် နံနက် ၉နာရီမှ ၁၂နာရီထိလည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို နေပြည်တော်တွင် မန္တလေးယူနန်စားသောက်ဆိုင်နှင့် ရန်ကုန်တွင် M3 စားသောက်ဆိုင်တို့၌ ၁၇-၅-၂၀၁၄ရက် ည ၆ နာရီတွင်လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

OTS (99) ကျောင်းဆင်းသူငယ်ချင်းများ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၇ ရပ်ကွက်၊ ငွေစင်လမ်း၊ အမှတ် (၁၃၀၅/ခ)၊ အလျားပေ ၆၀၊ အနံပေ ၂၀ရှိ အိမ်ခြံမြေပေါ် အိမ်ခြံမြေအောက် အကျိုးခံစားခွင့်အားလုံးကို ထပ်ဆင့်ဝယ်ယူထားသူ ဦးအောင်နိုင်ဝင်း ၁၂/တမန(နိုင်) ၀၃၉၇၄၄ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်က တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသောတရားဝင်အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သဇင်အောင်
၈/ပမန(နိုင်)၀၇၆၂၁၀၊ အမှတ် မ/၁၃၃၃၊ ချမ်းမြသာစည်လမ်း၊
၅၇/ရပ်ကွက်၊ ဒဂုံတောင်၊ ဖုန်း-၀၉-၃၆၀၃၆၃၄၀

မောင်စိုင်းအောင်ထွန်းနှင့် အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ မနန်းကိန်ဟွမ် ၁၃/ကတန(နိုင်)၁၁၇၇၆၉ မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်မ၏မောင် စိုင်းအောင်ထွန်း ၁၃/ကတန(နိုင်)၁၇၁၂၀၀ သည် ၂-၅-၂၀၁၄ ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ မောင်နှမအဖြစ် မသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

နန်းကိန်ဟွမ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/ကံဘဲ့)၊ မြေကွက်အမှတ် (၅၂/ဃ)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေအား ဦးစိုးနိုင်ထံမှ ဝယ်ယူထားသူ ဒေါ်မြမြသန်း ၁၂/ဥကတ(နိုင်)၁၁၈၇၇၈ အမည်ဖြင့် မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

တစ်ဦးတည်းဖြစ်ကြောင်း

အထက (၄) စစ်တွေ၊ နဝမတန်းမှ မောင်ဇာကွန်းအဖုန်နှင့် အမက(၁၅)၊ ပဥ္စမတန်းမှ မောင်ဇာကွန်းအဒီးတို့၏ ဖခင် ဦးယောနသန်(ခ) ဦးဇာကွန်းခင် ၁/ပတအ(နိုင်)၀၂၇၆၄၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

လေပြင်းတိုက်ခတ်၍ လမ်းမတော်မြို့နယ်အတွင်း ထိခိုက်ပျက်စီးမှုအချို့ရှိ

ရန်ကုန် မေ ၁၀

မေ ၈ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က တိုက်ခတ်သော လေပြင်းဒဏ်ကြောင့် လမ်းမတော်မြို့နယ်တွင် အဆောက်အအုံတစ်ခုမှ မှန်ချပ်များ အမြင့်မှပြုတ်ကျမှုကြောင့် တိုက်ဘေးလမ်းသွယ်ရှိ ဈေးရောင်းချသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခြင်း၊ သစ်ပင်အချို့ပြိုလဲခြင်းများ တွေ့ကြုံရသည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ဆိုသည်။ **(ယာပုံ)**

မဟာဗန္ဓုလလမ်းမနှင့် ၉ လမ်းထိပ်ရှိအထပ်မြင့်တိုက်တစ်တိုက်၏ အပေါ်ဆုံးထပ်မှဒုတိယပြတင်းပေါက်တံခါးမှန်သည် အဆိုပါအချိန်လေပြင်းတိုက်ခတ်မှုကြောင့် အောက်သို့ပြုတ်ကျရာ ယင်းတိုက်ဘေး ၉ လမ်းသွယ်အတွင်း ဈေးရောင်းချသူတစ်ဦးကို ထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးကုသခံနေရသည်ဟု အဆိုပါနေရာရှိ ဈေးသည်များက ဆိုသည်။

လေပြင်းတိုက်မှုကြောင့် လျှပ်စစ်မီးကြိုးများပူးကာ ထိမိပြီး ရှော့ခ်ဖြစ်ခြင်းများလည်း မြင်တွေ့ရရာ သက်ဆိုင်ရာက လျှပ်စစ်ဓာတ်အား အချိန်မီ ဖြတ်တောက်ပေးသဖြင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ မဟာဗန္ဓုလလမ်းမပေါ်ရှိ ယာဉ်ရပ်နားရန် နေရာပြုလုပ်နေသော တည်ဆောက်ရေးလုပ်ငန်းခွင်များရှိ သစ်ပင်အချို့ ပြိုလဲပျက်စီးမှုရှိကြောင်း၊ အချို့သစ်ပင်များ ပြိုလဲမှုကြောင့် အနီးရှိ ဈေးရောင်းသည့် အမိုးအကာများ ပျက်စီးသွားကြောင်း၊ မကြာမီ ဝင်ရောက်လာမည့် မိုးဦးရာသီအတွက် လမ်းသွားလမ်းလာများ၊ ဈေးရောင်းချသူများ အထူးသတိထား သွားလာလုပ်ကိုင်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် လေတိုက်ခတ်မှုကြောင့် လမ်းပေါ်ရှိ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ ပူးထိမိပြီး ဝိုင်ယာရှော့ခ်များ ဖြစ်တတ်ရာ အချိန်မီ ဓာတ်အားဖြတ်တောက်နိုင်ရန်လည်းလိုအပ်ကြောင်း လမ်းသွားလမ်းလာတစ်ဦးက ဆိုသည်။

ခင်ဆိုင်

အမြန်ရထားရှန်တိန်ပြုလုပ်စဉ် အိပ်ပျော်သူနှစ်ဦး ရထားကြိတ်

ပြည် မေ ၁၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မီးရထားဘူတာဝင်းအတွင်းတွင် အမြန်ရထားကို ရွှေ့ပြောင်းရန် ရှန်တိန်ပြုလုပ်စဉ် ရထားသံလမ်းပေါ် အိပ်ပျော်နေသည့် အမျိုးသားနှစ်ဦးကို ကြိတ်နင်းမိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်မှာ မေ ၇ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က ပြည်မြို့ ဆံတော်ရပ်ကွက် မီးရထားဘူတာဝင်းအတွင်း အမှတ်(၇၁၇၂) အဆန် အမြန်ရထား စက်ခေါင်းအမှတ်(DF 1221) ဖြင့် တွဲဆိုင်းများကို ရွှေ့ပြောင်းရန် ရှန်တိန်ပြုလုပ်စဉ် ရထားစက်ခေါင်းသည် မိုင်တိုင်အမှတ်(၁၆၁) ဂိတ်တံခါး(၁)နှင့် (၂) အကြား သံလမ်းအမှတ်(၂) အရောက်တွင် TV LR SPECLAL ADHESIVE စာတမ်းတံဆိပ်ပါ စက်ဘီး/ ဆိုင်ကယ်ဘီးပေါက်ဖာရာတွင် အသုံးပြုသော အဝါရောင်သံဘူးဖြင့် ထည့်ထားသည့် ကော်ဘူးကိုရှူပြီး ရထားသံလမ်းပေါ်တွင် အိပ်ပျော်နေသည့် စိုးမင်းထွန်းနှင့် ကျော်မြင့်ဌေးတို့အား ကြိတ်နင်းမိခဲ့ရာ ကျော်မြင့်ဌေး (၁၆ နှစ်)သည် ထိခိုက်ဒဏ်ရာတို့ဖြင့် သေဆုံးသွားပြီး စိုးမင်းထွန်း (၁၇နှစ်ခန့်)တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဒုရဲအုပ် မောင်မောင်သန်းနှင့်အဖွဲ့က ည ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးစာဖြင့် ပို့အပ်ခဲ့ပြီး ကျော်မြင့်ဌေး (၁၆နှစ်) (သေဆုံး) ဖတ်တန်းလမ်း ရွာဘဲရပ်ကွက် ပြည်မြို့နေသူနှင့် စိုးမင်းထွန်း (၁၇ နှစ်)ခန့် ခေတ္တရာမြို့သစ်ရပ်ကွက်၊ ပြည်မြို့နေသူ (စိုးရိမ်ရ)တို့၏ ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၀၅)

ပြည်မြို့ ခေတ္တရာမြို့သစ်တွင် မီးလောင်မှုဖြစ်ပွား

ပြည် မေ ၁၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခေတ္တရာမြို့သစ်တွင် မေ ၈ ရက် နံနက် စောစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်မှာ မေ ၈ ရက် နံနက် ၁ နာရီက ပြည်မြို့ ခေတ္တရာမြို့သစ် ရပ်ကွက် ၃/၁၀ လမ်းနေ ဦးရဲထွန်း (၃၈နှစ်) အမိန့်ရ အပေါင်ဆိုင်နေသူ၏ လေးပင်သုံးခန်းနှစ်ထပ်နေအိမ်မှ အဲကွန်းဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးစတင်လောင်ကျွမ်းခဲ့သည်။ **(ယာပုံ)**

အဆိုပါ မီးလောင်ရာသို့ သန္ဓေမီးသတ်ကား လေးစီး၊ အရန်မီးသတ်ကား ၁၂ စီးနှင့် ခရိုင်ဦးစီးမှူး ဦးဝင်းညွန့်ပါ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁ နာရီ ၁၀ မိနစ်တွင် မီးညွန့်ကျိုးပြီး ၁ နာရီ ၂၅ မိနစ် တွင် မီးငြိမ်းသွားခဲ့သည်။ ယင်းမီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ကူးစက်လောင်ကျွမ်းမှုမရှိဘဲ ဦးရဲထွန်းပိုင် နေအိမ်နှင့် အိမ်တွင်းရှိ ပစ္စည်းများ တန်ဖိုးငွေကျပ် ၁၉ သိန်းခန့် ဆုံးရှုံးသွားခဲ့သည်။

မီးပေါ့ဆစွာသုံးစွဲသူ ဦးရဲထွန်းကို အရေးယူပေးပါရန် မီးသတ်ခရိုင်ဦးစီးမှူး ဦးဝင်းညွန့်က တရားလိုပြုတိုင်တန်းသဖြင့် ပြည်မြို့ မြို့မရဲစခန်းမှ ဒုရဲအုပ်ဟန်ဇော်ထွန်းကစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်နိုင်(ပြည်)

ပြောင်းဖူးစိုက်နေစဉ် အုပ်စုလိုက်ရိုက်နှက်မှုဖြစ်ပွား

နောင်ချို မေ ၁၀

နောင်ချိုမြို့နယ် ကုန်းသာကျေးရွာအုပ်စု ဇီးပင်ကျေးရွာ၌ မေ ၇ ရက် မွန်းတည့် ၁၂ နာရီက ပြောင်းစိုက်တောင်သူဖြစ်သည့် နောင်ချိုမြို့ဈေးရပ်ကွက် နယ်မြေ (၁၀)တွင် နေထိုင်သူ ဦးမြင့်သိန်းတို့ မိသားစုကို အုပ်စုဖွဲ့ရိုက်နှက်သဖြင့် ဦးမြင့်သိန်းနှင့် မိသားစုငါးဦး ဒဏ်ရာရရှိသွားပြီး နောင်ချိုမြို့ ဆေးရုံတွင် တက်ရောက်ကုသနေကြောင်း သိရသည်။ ဝင်ရောက်ရိုက်နှက်ကြသည့်သူများဖြစ်သည့် ကုန်းသာကျေးရွာအုပ်စုမှ ဦးအိုက်ကျိုင်း၊ ဦးစိုင်းလူ၊ ဦးအိုက်ငယ်၊ ဦးအိုက်မောင်း၊ ဦးလူခမ်း၊ ဦးကျော်ဆွေ၊ ဦးအောင်ထွန်းတို့ ခုနစ်ဦးအား နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားသည်။

အဆိုပါ ရိုက်နှက်ခံရသူငါးဦးမှာ ခြံပိုင်ရှင် ဦးမြင့်သိန်း (၆၀ နှစ်)၊ ကျော်လင်းထွန်း (၁၄ နှစ်)၊ တူးငယ် (၃၄ နှစ်)၊ မမြင့်မြင့်စိန်၊ ရန်နိုင်ဇော် (ခ) ဖိုးတွတ် (၂၅ နှစ်) နောင်ချိုမြို့ ဈေးရပ်ကွက် နယ်မြေ (၁၀)တို့ ဖြစ်ကြောင်း သိရသည်။

(၀၆၁)

နိုင်ငံတကာအားကစားသတင်းနှင့်ကြော်ငြာ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ အမှတ် ၂/၄ နေ
ဦးအောင်မြင့်ဦး-ဒေါ်ခင်ဆွေမြင့်တို့၏သားကြီး

မောင်ဆွေငြိမ်းအောင်

B.Sc (Geology)

(ဒု-လက်ထောက်အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမ၊ အမှတ် ၄၁ နေ
ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)-ဒေါ်အေးအေးသိန်းတို့၏သမီး

မချောဆုမွန်ဝင်း

B.Sc (Phys:) Diploma in Korean

(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)

တို့၏ ၁၀-၅-၂၀၁၄ရက်(စနေနေ့)တွင် Chatrium Hotel Royal Lake ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်နှင်းဝေ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော သီရိပျံချီ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်အေး၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်သော မရှင်မိုးမြင့်ထွေး၊ မင်္ဂလာပန်းကြဲပေးပါသော မအိသဥ္ဇာဝင်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မမီမီဟန်ထွန်းနှင့် မမေသူအောင်၊ မင်္ဂလာသတို့သား သတို့သမီးအရံအဖြစ်ဆောင်ရွက်ပေးပါသော မောင်မင်းပြည့်စုံသန့်၊ မောင်သော်ဇင်ရှိန်း၊ မနှင်းလဲ့ရည်ဦး၊ မယမုံ၊ မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော သီရိပျံချီ ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)နှင့် ဇနီး ဒေါ်ယဉ်ယဉ်မြင့်၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်နေဝင်း(ငြိမ်း)နှင့် စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဆွေငြိမ်းအောင်-မချောဆုမွန်ဝင်း

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၃က/၄၉၃၁၊ Toyota Hilux Surf LN 65 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၅/ဟမလ(နိုင်) ၀၅၂၁၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း၊ ရန်ကုန်မြို့)

လီဗာပူးနဲ့ ဘရီဒန်းရော်ဂျာ

အာကာကျော်

လီဗာပူးနည်းပြ ဘရီဒန်းရော်ဂျာက သူ့အနေနဲ့ လီဗာပူးနည်းပြမန်နေဂျာ ရာထူးကို စာချုပ်တိုးချဲ့သွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ ဒီလို စာချုပ်ဖို့အတွက် မူအားဖြင့် သဘောတူထားပြီလို့လည်း သူက ဆိုပါတယ်။

သူဟာ လီဗာပူးအသင်းကို ယခုနှစ် ရာသီမှာ ထူးခြားတဲ့ အောင်မြင်မှုတွေရအောင် အဓိကကြိုးစားပေးတဲ့သူ ဖြစ်ပါတယ်။ လီဗာပူးကို ယခုနှစ် ပရီမီယာလိဂ်ဖလားအတွက် အနီးကပ် စိန်ခေါ်သူဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း လီဗာပူးပိုင်ရှင်တွေက ရော်ဂျာကို ထပ်မံခေါ်ယူဖို့ စိတ်ဝင်စားနေကြပါတယ်။ ကျွန်တော်ဒီကိစ္စနဲ့ ပတ်သက်ပြီး ကလပ်နဲ့ မူအားဖြင့် သဘောတူထားပါတယ်ဟု သူက ဆိုပါတယ်။

လီဗာပူးနဲ့ မန်စီးတီးဟာ ယခုနှစ်ပွဲကုန်တဲ့အထိ ဘယ်အသင်းချန်ပီယံဖြစ်မယ်ဆိုတာ ခန့်မှန်းဖို့ ခက်ခဲနေတဲ့အနေအထားဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီက နံပါတ် (၇) သာ ချိတ်နိုင်ခဲ့တဲ့ လီဗာပူးဟာ ဒီနှစ်မှာတော့ အနည်းဆုံး ဒုတိယနေရာသေချာနေပြီဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့ တနင်္လာနေ့က ခရစ္စတယ်ပဲလေ့စ်နဲ့ သုံးဂိုးနိုင်နေရာကနေ သုံးဂိုးပြန်သွင်းခံရလို့ မန်စီးတီးက နှစ်မှတ်အသာနဲ့ ဦးဆောင်ခွင့်ရသွားခဲ့ပါတယ်။

သို့သော်လည်း လီဗာပူးရဲ့ ဖလားလုပွဲဟာ ပြီးဆုံးသွားပြီလို့ ပြိုင်ပွဲအပြီး စိတ်ပျက်စွာနဲ့ သူက ပြောဆိုခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ နောက်ဆုံးနေ့ ပြိုင်ပွဲအထိ အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါဟု ရော်ဂျာကဆိုပါတယ်။ လီဗာပူးနဲ့ နယူးကာဆယ်တို့ဟာ မေ ၁၁ ရက် (ယနေ့) ညပိုင်းမှာ ပရီမီယာလိဂ် နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ လီဗာပူးဟာ အနည်းဆုံး ဒုတိယနေရာရမှာ ဖြစ်တဲ့အတွက် လာမယ့်ရာသီ ချန်ပီယံလိဂ်အတွက် အလိုအလျောက် ခြေစစ်ပွဲအောင်အသင်းဖြစ်လာမှာ ဖြစ်ပါတယ်။

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၈)		**မေ ၁၁**
ကာဒစ်ဖ်	- ချယ်လ်ဆီး	ည ၈း၃၀
ဖူလ်ဟမ်	- ပဲလေ့စ်	ည ၈း၃၀
ဟားလ်စီးတီး	- အဲဗာတန်	ည ၈း၃၀
လီဗာပူး	- နယူးကာဆယ်	ည ၈း၃၀
မန်စီးတီး	- ဝက်စ်ဟမ်း	ည ၈း၃၀
နော့ဝှစ်ချ်	- အာဆင်နယ်	ည ၈း၃၀
ဆောက်သမ်တန်	- မန်ယူ	ည ၈း၃၀
ဆန်းဒါးလန်း	- ဆွမ်ဆီး	ည ၈း၃၀
စပါး	- အက်စ်တွန်ဗီလာ	ည ၈း၃၀
ဝက်စ်ဘရွန်း	- စတုတ်စီးတီး	ည ၈း၃၀
စပိန်လာလီဂါ ပွဲစဉ်(၃၇)		**မေ ၁၁**
ဘီလ်ဘာအို	- ဆိုစီဒက်	ည ၉း၃၀
အက်သလက်တီကို	- မာလာဂါ	ည ၁၁း၃၀
အယ်လ်ချီ	- ဘာစီလိုနာ	ည ၁၁း၃၀
ဂီတာဖေး	- ဆီဗီလာ	ည ၁၁း၃၀
ဂရန်နာဒါ	- အယ်လ်မာရီးယား	ည ၁၁း၃၀
ဘက်တစ်	- ဗယ်လာဒိုလစ်	ည ၁၁း၃၀
အက်စ်ပန်ညို	- အိုဆာဆူနာ	ည ၁၁း၃၀
ဆယ်လ်တာဗီဂို	- ရီးရဲမက်ဒရစ်	ည ၁၁း၃၀
အီတလီစီးရီးအေ ပွဲစဉ်(၃၇)		**မေ ၁၁**
အတ္တလန်တာ	- အေစီမီလန်	ညနေ ၅း၀၀
ဘိုလော့ဂ်နာ	- ကာတာနီးယား	ည ၇း၃၀
ကက်ဂလီယာရီ	- ချီယေဗို	ည ၇း၃၀
လီဗော်နို	- ဖီအိုရင်တီးနား	ည ၇း၃၀
ဆက်ဆူအိုလို	- ဂျီနိုအာ	ည ၇း၃၀
ဆမ်ဒိုးရီးယား	- နာပိုလီ	ည ၇း၃၀
တိုရီနို	- ပါးမား	ည ၇း၃၀
ရိုးမား	- ဂျူဗင်တပ်စ်	ည ၁၀း၁၅

ယှဉ်ပြိုင်မှု ဥပဒေကြမ်း

ယှဉ်ပြိုင်မှု ဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ယှဉ်ပြိုင်မှုဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံ ယှဉ်ပြိုင်မှု ကော်မရှင်ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ယှဉ်ပြိုင်မှု** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ဆောင်ရွက်စေခြင်းနှင့် ဈေးကွက်အတွင်း တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုကြောင့် အများပြည်သူတို့၏ အကျိုးစီးပွားထိခိုက်နစ်နာခြင်းမှ တားဆီးကာကွယ်စေခြင်းဖြင့် မျှတသော ယှဉ်ပြိုင်မှုဝန်းကျင်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။

(စ) **ယှဉ်ပြိုင်မှုမူဝါဒ** ဆိုသည်မှာ ဈေးကွက်အတွင်း မျှတသော ယှဉ်ပြိုင်မှုတစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်စေရေးနှင့် စားသုံးသူများကို လက်ဝါးကြီးအုပ် ဆောင်ရွက်မှုမှ တားဆီးကာကွယ်နိုင်ရေးတို့အတွက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေရန် နိုင်ငံတော်က ချမှတ်လုပ်ဆောင်သော မူဝါဒများကို ဆိုသည်။

(ဆ) **ယှဉ်ပြိုင်မှုကိုထိန်းချုပ်သောဆောင်ရွက်ချက်** ဆိုသည်မှာ ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကို လျော့နည်းစေရန် သို့မဟုတ် အတားအဆီးဖြစ်စေရန် လုပ်ဆောင်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ယှဉ်ပြိုင်မှုကို ထိန်းချုပ်သည့် သဘောတူညီချက်များ၊ ဈေးကွက်အတွင်းရှိ လွှမ်းမိုးထားသည့် အခြေအနေအပေါ် အခွင့်အရေးယူ၍ အလွဲသုံးစားမှုပြုခြင်းနှင့် တစ်ဦးတည်း လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

(ဇ) **မျှတမှုမရှိသောယှဉ်ပြိုင်မှုဆိုင်ရာဆောင်ရွက်ချက်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အကျိုးစီးပွားကိုဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်း သို့မဟုတ် စားသုံးသူတို့၏ တရားဝင်ရထိုက်သော အခွင့်အရေးများနှင့် အကျိုးစီးပွားများကိုဖြစ်စေ ထိခိုက်စေသော သို့မဟုတ် ထိခိုက်စေနိုင်သော ယှဉ်ပြိုင်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဆိုသည်။

(ဈ) **စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ည) **ကုန်စည်** ဆိုသည်မှာ ကုန်သွယ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း သို့မဟုတ် စားသုံးခြင်းပြုသောပစ္စည်းကို ဆိုသည်။

(ဋ) **ဝန်ဆောင်မှု** ဆိုသည်မှာ အခကြေးငွေ သို့မဟုတ် အဖိုးအခသို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးသောလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရအဖွဲ့က ဝန်ဆောင်မှုဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဌ) **စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း** ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လဲလှယ်ခြင်းစသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သော သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သောကုမ္ပဏီ၊ အစုစပ်လုပ်ငန်း၊ ဖက်စပ်လုပ်ငန်း၊ အသင်း သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဍ) **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လဲလှယ်ခြင်းစသည့် လုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို လုပ်ကိုင်သော ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်း စကားရပ်တွင် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းလည်း ပါဝင်သည်။

(ဎ) **ဈေးကွက်** ဆိုသည်မှာ ကုန်စည်နှင့်ဝန်ဆောင်မှုများအား ရောင်းလိုသူနှင့် ဝယ်လိုသူတို့အကြား ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်သောနေရာဝန်းကျင်ကို ဆိုသည်။

(ဏ) **ဈေးကွက်ဝေစု** ဆိုသည်မှာ ဈေးကွက်၏ စုစုပေါင်း ရောင်းချနိုင်သော ပမာဏတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူက ရောင်းချသော သို့မဟုတ် ဝန်ဆောင်မှုပေးသော ရာခိုင်နှုန်း သို့မဟုတ် အချိုးအစားကို ဆိုသည်။

(တ) **ဈေးနှုန်း** ဆိုသည်မှာ ကုန်စည်ရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှုပြုရာတွင် သတ်မှတ်သော တန်ဖိုးကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေသည် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် မျှတမှုမရှိသော ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်စေရန်၊ ဈေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းအား အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်၊ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်းတို့အား ဥပဒေနှင့်အညီ ခွင့်ပြုနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများအကြား ကန့်သတ်ထားရှိသော သဘောတူညီချက်နှင့် အစီအမံများအား ဖယ်ရှားထိန်းချုပ်နိုင်ရန် ရည်ရွယ်သည်။

အခန်း(၃)

အခြေခံမူများ

၄။ ယှဉ်ပြိုင်မှုဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဈေးကွက်တွင် လွတ်လပ်၍မျှတသော ယှဉ်ပြိုင်မှုဆိုင်ရာ ဝန်းကျင်တစ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ခ) ဈေးကွက်တွင် မျှတသော ယှဉ်ပြိုင်မှုကို အားပေးကူညီခြင်းဖြင့် တစ်ပြေးညီ တိုးတက်လာစေရေးနှင့် သာတူညီမျှ ခံစားခွင့်ရရှိစေရေး၊

(ဂ) ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး၊

(ဃ) မျှတသောယှဉ်ပြိုင်မှုကို ဖြစ်ထွန်းစေခြင်းဖြင့် စီးပွားရေးတိုးတက်သည့် အသိုက်အဝန်းအဖြစ် ရောက်ရှိစေရေး၊

(င) လုပ်ငန်းနယ်ပယ်အသီးသီးတွင် လွတ်လပ်၍မျှတသော ယှဉ်ပြိုင်မှုဖြစ်ထွန်းပေါ်ပေါက်စေရေး၊

(စ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ၊ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်လုပ်သားများ၊ ငွေကြေးစီးဝင်မှုများအတွက် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သော ဒေသတစ်ခုအဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာစေရေးနှင့် ယှဉ်ပြိုင်မှု ကွန်ရက်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(ဆ) ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုမူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ဇ) ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူနှင့် ထုတ်လုပ်သူတို့၏ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် တီထွင်ကြံဆနိုင်သော စွမ်းရည်ကို အားပေးမြှင့်တင်ရေး။

အခန်း(၄)

ကော်မရှင် ဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် -

(က) ဤဥပဒပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ သင့်လျော်သော ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ကို ဖွဲ့စည်းရမည်။

(ခ) ကော်မရှင်ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ခွင့်ပြုသော လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၇။ ကော်မရှင်သည် လွတ်လပ်စွာ စီမံဆောင်ရွက်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းအဖြစ် ရပ်တည်ဆောင်ရွက်နိုင်သည်။

အခန်း(၅)

ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ကော်မရှင်၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စီးပွားရေးလုပ်ငန်းအားလုံး သက်ဆိုင်ရာ တည်ဆဲဥပဒေ၏ ခွင့်ပြုချက်ဘောင်အတွင်း၌ စီးပွားရေးလုပ်ငန်း အခွင့်အလမ်းများကို သာတူညီမျှ ခံစားခွင့်ရှိစေခြင်းနှင့် တန်းတူယှဉ်ပြိုင်လုပ်ကိုင်စေခြင်း၊

(ခ) လက်ဝါးကြီးအုပ် ချုပ်ကိုင်ရန်ရှိသည်ဟု မှတ်ယူနိုင်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးဦး၏ ဈေးကွက်ဝေစုနှင့် အရောင်းမြှင့်တင်ခြင်းများကို ကန့်သတ်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ တားမြစ်ခြင်း၊

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သံသယရှိလျှင်သော်လည်းကောင်း၊ တိုင်ကြားချက် လက်ခံရရှိလျှင် ယင်းတိုင်ကြားချက်ကို စိစစ်၍သော်လည်းကောင်း စုံစမ်းစစ်ဆေးဆောင်ရွက်ခြင်း၊

(ဃ) ဤဥပဒေအရ အရေးယူဆောင်ရွက်မှုများအပေါ် လိုအပ်သော အထောက်အထားများကိုဖြစ်စေ၊ ပစ္စည်းများကိုဖြစ်စေ စစ်ဆေးရေးအတွက် သိမ်းဆည်းရန် လိုအပ်ပါက စုံစမ်းစစ်ဆေးရေးကော်မတီအား သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(င) စုံစမ်းစစ်ဆေးရေးကော်မတီက တင်ပြသော စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ စိစစ်ခြင်းနှင့် လိုအပ်ပါက တရားစွဲဆိုရန် ညွှန်ကြားခြင်း၊

(စ) စီးပွားရေးလုပ်ငန်းတစ်ခု၏ ပိုင်ဆိုင်ခွင့်တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားစီးပွားရေးလုပ်ငန်းတစ်ခုက ဝယ်ယူမှု (Acquisition) သို့မဟုတ် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှု (Merger) ကြောင့် မျှတသော ယှဉ်ပြိုင်မှုအပေါ် ထိခိုက်နိုင်သည့် ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာ အရေအတွက်နှင့် ပိုင်ဆိုင်သည့် ပစ္စည်းပမာဏတို့ကို သတ်မှတ်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်းစုတစ်ခုသည် ဈေးကွက်အတွင်းယှဉ်ပြိုင်မှုကို ထိခိုက်နိုင်သည်ဟု ကော်မရှင်က သတ်မှတ်ထားသော ဈေးကွက်ဝေစု ပိုင်ဆိုင်မှု ပမာဏထက် ကျော်လွန်လျှင် သို့မဟုတ် ကျော်လွန်သည်ဟု ကော်မရှင်က ယူဆလျှင် ၎င်းစီးပွားရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းစု တစ်ခု၏ ဈေးကွက်ဝေစုကို သတ်မှတ်ထားသည့်လုပ်ငန်း ပမာဏသို့ လျှော့ချရန် ညွှန်ကြားခြင်း၊

(ဇ) စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ယှဉ်ပြိုင်မှုကို ကန့်သတ်ရန် ခွင့်ပြုချက် ရရှိရေးအတွက် လျှောက်ထားရာတွင် လိုအပ်သည့်ပုံစံ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဈ) ယှဉ်ပြိုင်မှုနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ရှင်းလင်းချက်များ၊ အကြံပြုချက်များ သို့မဟုတ် ထင်မြင်ချက်များပေးရန် လိုအပ်သည့် ပညာရှင်များကို ဖိတ်ခေါ်ခြင်း၊

(ည) ယှဉ်ပြိုင်မှုနှင့် စပ်လျဉ်းသည့်လိုအပ်သော စုံစမ်းမေးမြန်းမှုများ ဆောင်ရွက်ရန် သက်သေများကို ဆင့်ခေါ်ခြင်း၊

(ဋ) ယှဉ်ပြိုင်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း ကိစ္စရပ်များအတွက် အခွင့်အာဏာရ အရာရှိများ ခန့်အပ်ခြင်းနှင့် ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ဌ) ယှဉ်ပြိုင်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဍ) ယှဉ်ပြိုင်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များကို အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဖြစ်စေ၊ နိုင်ငံအချင်းချင်းဖြစ်စေ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးဦးထံမှ ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည်ဟု ထင်မြင်သည့် အထောက်အထားများကိုဖြစ်စေ၊ အချက်အလက်များကို ဖြစ်စေ တောင်းဆိုနိုင်ခြင်း၊

(ဂ) ကိစ္စတစ်ရပ်ချင်းအလိုက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သော အထောက်အထားများကိုဖြစ်စေ၊ ပစ္စည်းများကိုဖြစ်စေ စစ်ဆေးရေး အတွက် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ ယင်းအထောက်အထား သို့မဟုတ် ပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရန် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) လက်ဝါးကြီးအုပ် ဆောင်ရွက်သည်ဟု မှတ်ယူနိုင်သော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် ပိုင်ဆိုင်သည့်ပစ္စည်းပမာဏတို့ကို သတ်မှတ်ဆုံးဖြတ်နိုင်ခြင်း၊

(င) နိုင်ငံတော်၏ အကျိုးစီးပွားအတွက် လိုအပ်သော စီးပွားရေးလုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ဤဥပဒေအရ ကန့်သတ်ချက်များမှ လိုအပ်သလို ကင်းလွတ်ခွင့်ပြုနိုင်ခြင်း၊

(စ) ကော်မတီများနှင့် အဖွဲ့ငယ်များကို လိုအပ်သလိုဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဆ) ကော်မတီများနှင့်အဖွဲ့ငယ်များမှ တင်ပြလာသော ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း။

၁၀။ ကော်မရှင်သည် လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှု အခြေအနေများကို အစိုးရအဖွဲ့သို့ သုံးလလျှင်တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

၁၁။ ကော်မရှင်သည် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြရမည်။

အခန်း(၆)

စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၂။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးကော်မတီကို -

(က) ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အနည်းဆုံး ငါးဦးမှ အများဆုံး ကိုးဦးအထိ ဖြင့် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်သည် စီးပွားရေးပညာရပ်၊ ဥပဒေပညာရပ်၊ ကူးသန်းရောင်းဝယ်ရေးပညာရပ်၊ စိုက်ပျိုးရေးပညာရပ် သို့မဟုတ် စာရင်းကိုင်ပညာရပ်တွင် အတွေ့အကြုံနှင့် ဗဟုသုတရှိသူ ဖြစ်ရမည်။

စာမျက်နှာ (၁၆) သို့

ဥပဒေကြမ်း

စာမျက်နှာ (၁၅)မှ

၁၃။ စုံစမ်းစစ်ဆေးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အခြားသက်သေခံ အထောက်အထားတစ်ခုခု သို့မဟုတ် ပြည့်စုံသော စာရွက်စာတမ်း အမှတ်အသား သို့မဟုတ် အကျိုးအကြောင်း ဖော်ပြချက်များပေးရန် သက်ဆိုင်သော လူပုဂ္ဂိုလ်များကို လိုအပ်သလို စာဖြင့်ရေးသားဆင့်ခေါ်၍ စစ်ဆေးချက်များရယူခြင်း၊

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှဖြစ်စေ၊ ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများထံမှဖြစ်စေ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ အခြားအထောက်အထားများကို တောင်းယူ၍ စစ်ဆေးခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် အခြားပုဂ္ဂိုလ်၏ အဆောက်အအုံ၊ မြေ၊ လုပ်ငန်းနေရာတို့ကို ဥပဒေနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် ရှာဖွေခြင်း၊

(ဃ) ကော်မရှင်၏ တာဝန်ပေးချက်အရ စုံစမ်းစစ်ဆေးပြီး ယှဉ်ပြိုင်မှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များကို ကော်မရှင်သို့ တင်ပြခြင်း။

အခန်း(၇)
လက်ဝါးကြီးအုပ်ဆောင်ရွက်မှုကို တားမြစ်ခြင်း

၁၄။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုဖြင့် ဈေးကွက် လက်ဝါးကြီးအုပ် ဆောင်ရွက်မှုကို မပြုရ -

(က) ကုန်စည်ဝယ်ယူသည့် ဈေးနှုန်း သို့မဟုတ် ကုန်စည်ရောင်းချသည့် ဈေးနှုန်း သို့မဟုတ် ဝန်ဆောင်မှုအတွက် အခကြေးငွေကို ထိန်းချုပ်ထားခြင်း၊

(ခ) ဈေးနှုန်းထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် ဝန်ဆောင်မှုကိုဖြစ်စေ၊ ထုတ်လုပ်မှုကိုဖြစ်စေ ကန့်သတ်ခြင်း သို့မဟုတ် ကုန်စည် ဝယ်ယူခြင်း၊ ရောင်းချခြင်းပြုရာတွင် အခွင့်အလမ်းများကို ကန့်သတ်ခြင်း သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများက မဖြစ်မနေဆောင်ရွက်ရမည့် စည်းကမ်းချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သတ်မှတ်ခြင်း၊

(ဂ) ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ဝယ်ယူမှု၊ဖြန့်ဖြူးမှု၊ လွှဲပြောင်းပေးမှု သို့မဟုတ် တင်သွင်းမှုတို့ကို သင့်လျော်သည့် အကြောင်းပြချက်မရှိဘဲ ဆိုင်းငံ့ထားခြင်း၊ လျှော့ချခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဈေးကွက်ဝယ်လိုအားအောက် လျော့နည်းစေရေးအတွက် အရည်အသွေးကို လျှော့ချရန်အလို့ငှာ ကုန်စည်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေရန်ပြုလုပ်ခြင်း၊

(ဃ) အခြားသူ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တရားမျှတမှုမရှိဘဲ ဝင်ရောက်စွက်ဖက်ခြင်း။

၁၅။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်သည် -

(က) စီးပွားရေးလုပ်ငန်းတစ်ခုခု၏ အခြေအနေကို ထိန်းသိမ်းခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းသစ်တစ်ခု ဖန်တီးခြင်းကို အကျိုးသက်ရောက်မှု ရှိစေရန် ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူနှင့် ပံ့ပိုးကူညီသူတို့ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ခြင်း၊

(ခ) အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ ပိုင်ဆိုင်မှုပစ္စည်းများ သို့မဟုတ် အစုရှယ်ယာများအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ထိန်းချုပ်ရန် ဝယ်ယူခြင်း။

၁၆။ ကော်မရှင်သည် ယှဉ်ပြိုင်မှုကို ထိန်းချုပ်ကန့်သတ်သည့် စာချုပ်များနှင့် စပ်လျဉ်း၍ စားသုံးသူတို့၏ အကျိုးစီးပွားအလို့ငှာ စရိတ်လျော့နည်းစေသည့် အောက်ပါကိစ္စရပ်တစ်ခုခုတွင် အကျုံးဝင်ပါက တိကျသော ကာလတစ်ရပ် သတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်စေရန် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းပုံစံတို့ကို ပြုပြင်ပြောင်းလဲခြင်း၊

(ခ) ကုန်စည်နှင့်ဝန်ဆောင်မှု အရည်အသွေးတိုးတက်စေရန် နည်းပညာနှင့် နည်းပညာ အဆင့်မြင့်မားမှုကို တိုးတက်စေခြင်း၊

(ဂ) ကွဲပြားသော ထုတ်ကုန်အမျိုးမျိုး၏ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့် အရည်အသွေး အဆင့်အတန်း တစ်ပြေးညီတိုးတက်စေခြင်း၊

(ဃ) ဈေးနှုန်းနှင့်ဖြစ်စေ၊ ဈေးနှုန်းဆိုင်ရာ အချက်အလက်များနှင့်ဖြစ်စေ သက်ဆိုင်ခြင်း မရှိဘဲ စီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ကုန်စည်များ ဖြန့်ဖြူးခြင်းနှင့် ငွေပေးချေခြင်းကိစ္စများ တစ်ပြေးညီဖြစ်စေခြင်း၊

(င) အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို မြင့်မားစေခြင်း၊

(စ) နိုင်ငံတကာဈေးကွက်ရှိ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို မြင့်မားစေခြင်း။

အခန်း(၈)
မျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာ ဆောင်ရွက်ချက်အား တားမြစ်ခြင်း

၁၇။ ဤဥပဒေအရ မျှတမှုမရှိသောယှဉ်ပြိုင်မှုဆိုင်ရာ ဆောင်ရွက်ချက်တွင် အောက်ဖော်ပြပါတို့ ပါဝင်သည် -

(က) စားသုံးသူများ အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်း လျှို့ဝှက်ချက်ကို ပေါက်ကြားစေခြင်း၊

(ဂ) စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူ အချင်းချင်း အနိုင်အထက် ပြုလုပ်ခြင်း၊

(ဃ) အခြားစီးပွားရေးလုပ်ငန်း၏ နာမည်ဂုဏ်သတင်းကို ပျက်ပြားစေခြင်း၊

(င) အခြားစီးပွားရေးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ခြင်း၊

(စ) မျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအကြား ခွဲခြားဆက်ဆံခြင်း၊

(ဇ) ထုတ်လုပ်မှု ကုန်ကျစရိတ်အောက်လျော့နည်းသော ဈေးနှုန်းဖြင့် ရောင်းချခြင်း၊

(ဈ) မိမိလုပ်ငန်း၏ အရှိန်အဝါသြဇာကို အလွဲသုံးစားပြုခြင်း၊ အခြားလုပ်ငန်းများနှင့် သဘောတူစာချုပ် ချုပ်ဆိုထားသူအား စာချုပ်ဖောက်ဖျက်ရန် ဆွဲဆောင်ခြင်း၊ လှုံ့ဆော်ခြင်း၊

(ည) ကော်မရှင်က မျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာ ဆောင်ရွက်ချက်ဟု အခါအားလျော်စွာ သတ်မှတ်သည့်အရာကို ပြုလုပ်ခြင်း။

၁၈။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် စားသုံးသူများ အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ရာရောက်သည့် အောက်ပါတို့ကို မပြုလုပ်ရ -

(က) တရားဝင်မှတ်ပုံတင်ထားသည့် ကုန်စည်အမည်၊ လုပ်ငန်းဆောင်ပုဒ်၊ အမှတ်တံဆိပ်၊ ထုပ်ပိုးမှု၊ ပထဝီဆိုင်ရာ အညွှန်းများနှင့် အခြားအရာများအား ရှုပ်ထွေးမှုဖြစ်စေသည့် သတင်းအချက်အလက်များကို အသုံးပြု၍ ယှဉ်ပြိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ရှုပ်ထွေးမှုဖြစ်စေသည့် သတင်းအချက်အလက်များကို အသုံးပြု၍ ကုန်စည်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း စသည့် စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်ခြင်း။

၁၉။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေး လုပ်ငန်းတစ်ခုခု၏ လျှို့ဝှက်ချက်များကို ပေါက်ကြားစေခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို မပြုလုပ်ရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူခြင်း၊ စုဆောင်းခြင်း ပြုလုပ်ရာတွင် ဖော်ပြပါ လျှို့ဝှက်ချက်များကို ဥပဒေအရပိုင်ဆိုင်သူများက ကာကွယ်ထားသည့် လုံခြုံရေးဆိုင်ရာ အစီအမံများအား ချိုးဖောက်၍ ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းလျှို့ဝှက်ချက်များကို ဥပဒေနှင့်အညီ ပိုင်ဆိုင်သူ၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်း သို့မဟုတ် ဖော်ထုတ်ခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် ဖော်ထုတ်ခြင်းပြုရာတွင် ယင်းလျှို့ဝှက်ချက်ကို ထိန်းသိမ်းရန် တာဝန်ရှိသူ၏ ယုံကြည်မှုရရှိရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ယုံကြည်မှုအပေါ် အခွင့်အရေးယူခြင်း၊

(ဃ) ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နည်းလမ်းတကျ ဆောင်ရွက်သည့် အခြားပုဂ္ဂိုလ်များ ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်များ၊ ထုတ်ကုန်ဖြန့်ဖြူးခြင်းများနှင့် ဆိုင်သောလုပ်ငန်းစဉ်များကို ပေါက်ကြားစေခြင်း၊

(င) နိုင်ငံပိုင်အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသော လုံခြုံမှုဆိုင်ရာ အစီအမံများကို ချိုးဖောက်၍ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ပေါက်ကြားစေခြင်း၊

(စ) ပုဒ်မခွဲ(င)ပါ ယင်းသတင်း အချက်အလက်များကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းကိစ္စအတွက် ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းလိုင်စင်ရယူရန် လျှောက်ထားခြင်း သို့မဟုတ် ကုန်စည်များဖြန့်ဖြူးခြင်း။

၂၀။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် စားသုံးသူများကိုဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သူများကိုဖြစ်စေ ထိုလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန် သို့မဟုတ် ဆက်သွယ်ဆောင်ရွက်ရာမှ ရပ်စဲရန် ခြိမ်းခြောက်၍သော်လည်းကောင်း၊ အတင်းအကျပ်ပြု၍သော်လည်းကောင်း ချုပ်ခြယ်မှုပြုလုပ်ခြင်းဖြင့် အနိုင်အထက် မပြုရ။

၂၁။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းများ၏ နာမည်ဂုဏ်သတင်း၊ ငွေကြေးဆိုင်ရာ အခြေအနေနှင့်လုပ်ငန်းဆောင်ရွက်မှုများ ပျက်ပြားစေရန် မမှန်ကန်သော သတင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထုတ်လွှင့်ခြင်း မပြုရ။

၂၂။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းများ၏ ဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တားဆီးကာကွယ်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

၂၃။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှု အလို့ငှာ အောက်ပါကြော်ငြာလုပ်ငန်းများကို လုပ်ကိုင်ခြင်း မပြုရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ ကုန်စည်နှင့်ဝန်ဆောင်မှုများကို အခြား စီးပွားရေး လုပ်ငန်းများ၏ အလားတူ ကုန်စည်၊ ဝန်ဆောင်မှုများနှင့်တိုက်ရိုက် နှိုင်းယှဉ်ခြင်း၊

(ခ) ကုန်စည်ဝယ်ယူသူဖောက်သည်တို့ကို သွေးဆောင်ဖြားယောင်းရန် အခြားကြော်ငြာများအား တုပခြင်း၊

(ဂ) အောက်ပါအကြောင်းအချက်များအနက် တစ်ခုခုအပေါ် မှားယွင်းသော သို့မဟုတ် သွေးဆောင်ဖြားယောင်းသော သတင်းအချက်အလက်များကို ကုန်စည်ဝယ်ယူသူ ဖောက်သည်များသို့ ထုတ်ပြန်ခြင်း -

(၁) ဈေးနှုန်း၊ ပမာဏ၊ အရည်အသွေး၊ အသုံးဝင်မှုများ၊ ဒီဇိုင်းပုံစံများ၊ အမျိုးအစားများ၊ ထုပ်ပိုးမှုများ၊ ထုတ်လုပ်သည့်နေ့စွဲ၊ ကြာရှည်အသုံးခံမှု၊ မူလအရင်းအမြစ်၊ ထုတ်လုပ်သူများ၊ ထုတ်လုပ်သည့်နေရာများ ပြုပြင်ထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်သည့်နေရာများ၊

(၂) အသုံးပြုပုံ၊ ဝန်ဆောင်မှုပေးပုံ၊ အာမခံကာလ၊

(၃) အခြားမှားယွင်းသော သို့မဟုတ် သွေးဆောင်ဖြားယောင်း သော သတင်းအချက်အလက်များ၊

(ဃ) ဥပဒေအရ တားမြစ်ထားသည့် အခြားကြော်ငြာလုပ်ငန်းများ။

၂၄။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှု အလို့ငှာ အောက်ပါအရောင်းမြှင့်တင်ခြင်း လုပ်ငန်းများကို မပြုလုပ်ရ -

(က) လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် အရောင်းမြှင့်တင်ရန် စည်းရုံးဆောင်ရွက်ခြင်း၊

(ခ) တူညီသော အရောင်းမြှင့်တင်ရေးအစီအစဉ်တွင် ကုန်စည်ဝယ်ယူသူ ဖောက်သည်များကို ခွဲခြားဆက်ဆံခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသော အခြားအရောင်းမြှင့်တင်မှု နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ခြင်း။

၂၅။ **စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခု** သည် ခွဲခြားဆက်ဆံခြင်းဖြစ်စေမည့် အောက်ဖော်ပြပါ အချက်များကို ဆောင်ရွက်ခြင်းမပြုလုပ်ရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခုအား မိမိအဖွဲ့အစည်းသို့ ဝင်ရောက်ရန် သတ်မှတ်ထားသော အရည်အချင်း ပြည့်မီသော်လည်း ဝင်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ၊ နုတ်ထွက်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ယှဉ်ပြိုင်မှုတွင်အဟန့်အတားဖြစ်စေခြင်း၊

(ခ) **စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း** တွင်ပါဝင်သော စီးပွားရေးလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်မှုများအား ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ကန့်သတ်ခြင်း။

၂၆။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် မိမိ၏ကုန်စည်အား ဈေးကွက်တွင်း ယှဉ်ပြိုင်ရောင်းချရာ၌ အခြားစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းလျော့နည်းသွားစေရန် ရည်ရွယ်၍ ယင်းတို့၏ ထုတ်လုပ်မှုကုန်ကျစရိတ် အောက်လျော့နည်းသော ဈေးနှုန်းဖြင့်လည်းကောင်း၊ သွင်းကုန်ဖြစ်ပါက ဆိပ်ကမ်းရောက် တန်ဖိုးအောက် လျော့နည်းသော ဈေးနှုန်းဖြင့်လည်းကောင်း ရောင်းချခြင်း မပြုရ။

၂၇။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် ဈေးကွက်အတွင်း မိမိ၏ အရှိန်အဝါသြဇာကို အလွဲသုံးစားပြု၍ အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆောင်ရွက်ခြင်း မပြုရ -

(က) ယှဉ်ပြိုင်သူများ ဈေးကွက်အတွင်းမှ ထွက်သွားစေရန် အလို့ငှာ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက်လျော့နည်းသော ဈေးနှုန်းဖြင့် ကုန်စည်များ ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊

(ခ) သင့်လျော်မျှတမှုမရှိသော သတ်မှတ်ဈေးနှုန်းဖြင့် ကုန်စည်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် ပြန်လည်ရောင်းချသူများအပေါ် ရောင်းချရမည့်ဈေးနှုန်း သတ်မှတ်ပေးခြင်းဖြင့် စားသုံးသူများအား ထိခိုက်နစ်နာစေခြင်း၊

(ဂ) ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ထိန်းချုပ်ခြင်း၊ ဈေးကွက်ကိုကန့်သတ်ထားခြင်း၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်းနှင့် စားသုံးသူများကို ထိခိုက်နစ်နာစေခြင်း၊

(ဃ) မမျှတသော ယှဉ်ပြိုင်မှု ဖြစ်ပေါ်စေရန် အလို့ငှာ တူညီသော ဈေးကွက်အတွင်း တစ်ပြေးညီမဟုတ်သော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စည်းကမ်းချက်များ ချမှတ်ခြင်း၊

(င) ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အရောင်းအဝယ် စာချုပ်များချုပ်ဆိုရာ၌ အခြားစီးပွားရေးလုပ်ငန်းများအပေါ် တရားမျှတမှု မရှိသော စည်းကမ်းချက်များချမှတ်ခြင်း သို့မဟုတ် ယင်းစာချုပ်များနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော တာဝန်ဝတ္တရားများကို လက်ခံရန် အတင်းအကျပ်ပြုခြင်း၊

(စ) ဈေးကွက်အတွင်း ယှဉ်ပြိုင်သူအသစ်များ ဝင်ရောက်လာခြင်းကို တရားမျှတမှု မရှိသောနည်းလမ်းများဖြင့် တားဆီးခြင်း။

၂၈။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောတူစာချုပ် ချုပ်ဆိုထားပြီးဖြစ်သော ပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေးလုပ်ငန်း တစ်ခုအား စာချုပ်သက်တမ်း မကုန်ဆုံးမီ စာချုပ်ဖောက်ဖျက်စေရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ဆွဲဆောင်ခြင်း မပြုရ။

၂၉။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် မျှတမှုမရှိသော နည်းလမ်းဖြင့် ကုန်စည်များကို တင်သွင်းခြင်း၊ ယင်းကုန်စည်များကို ဈေးကွက်ပေါက်ဈေးအောက် လျှော့၍ ရောင်းချခြင်း မပြုရ။

အခန်း(၉)
စီးပွားရေးလုပ်ငန်းအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း

၃၀။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းတွင် အောက်ပါလုပ်ဆောင်ချက်များ ပါဝင်သည် -

(က) လုပ်ငန်းအချင်းချင်း ပေါင်းစည်းခြင်း၊

(ခ) လုပ်ငန်းတစ်ခုက အခြားလုပ်ငန်းတစ်ခုကို ဝယ်ယူခြင်း၊

(ဂ) လုပ်ငန်းချင်း ဖက်စပ်လုပ်ကိုင်ခြင်း၊

(ဃ) လုပ်ငန်းအချင်းချင်း မဟာမိတ်ဖွဲ့ဆောင်ရွက်ခြင်း၊

(င) ကော်မရှင်က သတ်မှတ်ထားသည့် လုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း။

၃၁။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသော လုပ်ငန်းတစ်ခု သို့မဟုတ် လုပ်ငန်းအစုအဝေးတစ်ခု၏ စုစုပေါင်း ဈေးကွက်ရှယ်ယာပိုင်ဆိုင်မှုမှာ အောက်ပါ သတ်မှတ်ရာခိုင်နှုန်းထက် ကျော်လွန်ခြင်းမရှိစေရ -

(က) လုပ်ငန်းတစ်ခုတည်းဖြစ်ပါက စုစုပေါင်းဈေးကွက်ဝေစု၏ ၃၀ ရာခိုင်နှုန်း၊

(ခ) လုပ်ငန်းနှစ်ခုပါသော လုပ်ငန်းအုပ်စုဖြစ်ပါက စုစုပေါင်းဈေးကွက်ဝေစု၏ ၅၀ ရာခိုင်နှုန်း၊

(ဂ) လုပ်ငန်းသုံးခုပါသော လုပ်ငန်းအုပ်စုဖြစ်ပါက စုစုပေါင်း ဈေးကွက်ဝေစု၏ ၆၅ ရာခိုင်နှုန်း၊

(ဃ) လုပ်ငန်းလေးခုနှင့်အထက်ပါဝင်သော လုပ်ငန်းအုပ်စုဖြစ်ပါက စုစုပေါင်း ဈေးကွက်ဝေစု၏ ၇၅ ရာခိုင်နှုန်း။

၃၂။ (က) စီးပွားရေးလုပ်ငန်းတစ်ခုသည် အခြားစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိပါက ထိုသို့ပူးပေါင်းဆောင်ရွက်နိုင်ရန် ကော်မရှင်သို့ ကြိုတင်ခွင့်ပြုချက်တောင်းခံရမည်။

(ခ) ကော်မရှင်သည် စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် တင်ပြလာသော လျှောက်ထားချက်များကို လိုအပ်သလို စိစစ်၍ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးနိုင်သည်။

၃၃။ စီးပွားရေးလုပ်ငန်းတစ်ခုသည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ)အရ ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက်ရရှိမှသာ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

စာမျက်နှာ (၁၇)သို့

ဥပဒေကြမ်း

စာမျက်နှာ (၁၆)မှ

အခန်း(၁၀)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၄။ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်များသည် ဤဥပဒေအရ ကော်မရှင်က ထုတ်ပြန်သော တားမြစ်ချက်၊ သတ်မှတ်ချက်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို ဖောက်ဖျက်သည့် စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူကို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) နောင်တွင် မည်သည့်လုပ်ကိုင်ခွင့်မျှ ပြုမည်မဟုတ်သော စီးပွားရေး လုပ်ငန်းများ စာရင်း၌ ထည့်သွင်းခြင်း။

၃၅။ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ)ပါ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ပေးဆောင်ခြင်း မရှိပါက မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၃၆။ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ အယူခံဝင်ရောက်ခွင့်ရှိသည်။

၃၇။ ဤဥပဒေအရ ကော်မရှင်က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၃၈။ ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်း မရှိစေရ။

အခန်း(၁၁)

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ မည်သူမဆို စုံစမ်းစစ်ဆေးရေးကော်မတီက ဤဥပဒေအရ စုံစမ်းစစ်ဆေးမှုပြုရန်အတွက် သက်သေခံအထောက်အထား သို့မဟုတ် စာရွက်စာတမ်း အမှတ်အသားတစ်ခုခုတင်ပြရန် သို့မဟုတ် ထွက်ဆိုချက်ပေးရန် စာဖြင့်ရေးသား ထုတ်ပြန်ထားသည့် ဆင့်ခေါ်မှုကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၁၄၊ ၁၉ သို့မဟုတ် ၂၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၁၈ သို့မဟုတ် ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သူမဆို ပုဒ်မ ၂၀ သို့မဟုတ် ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းခုနစ်ဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၃။ မည်သူမဆို ပုဒ်မ ၂၂ သို့မဟုတ် ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းသုံးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၂၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၂၆ သို့မဟုတ် ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ် နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

အခန်း(၁၂)

အထွေထွေ

၄၇။ ယှဉ်ပြိုင်မှုကို ထိန်းချုပ်သော ဆောင်ရွက်ချက် သို့မဟုတ် တရားမျှတမှု မရှိသော ယှဉ်ပြိုင်မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေအရသာ ဆောင်ရွက်ရမည်။

၄၈။ ကော်မရှင်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၄၉။ ဤဥပဒေနှင့်အညီ ပြစ်မှုတစ်ရပ်ရပ်အား တရားစွဲဆိုရာတွင် ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၅၀။ ဤဥပဒေအရ တရားစွဲဆိုခြင်းခံရသူသည် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းဖြစ်လျှင် ယင်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ရှိသူတစ်ဦးဦးသည် အဆိုပါပြစ်မှုကို ယင်းမသိရှိဘဲ ကျူးလွန်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန် ထိုက်သင့်သော လုံ့လဝီရိယ စိုက်ထုတ်၍ ဆောင်ရွက်ခဲ့ကြောင်း သက်သေပြနိုင်ခြင်းမရှိပါက အဆိုပါ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းနှင့်အတူ ပူးတွဲစွဲဆိုခြင်းခံရမည်ဖြစ်ပြီး ယင်းစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအား ပြစ်ဒဏ်ချမှတ်လျှင် အဆိုပါ တာဝန်ရှိသူသည် ယင်းပြစ်မှုအတွက်ပူးတွဲ၍ အပြစ်ရှိသည်ဟု မှတ်ယူခြင်းခံရမည်။

၅၁။ ဝန်ကြီးဌာနသည် ကော်မရှင်၏ -

(က) ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်။

(ခ) ကုန်ကျစရိတ်များကို ကျခံရမည်။

၅၂။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီဝင် သို့မဟုတ် အဖွဲ့ငယ် အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း တစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အခြားနည်းလမ်းဖြင့်အရေးယူခြင်း မပြုရ။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မရှင်သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်သူအများသိရှိလေ့လာ အကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (င)၌ ပါရှိသော "မုတ်ကောင်သားပေါက်များကိုဖြစ်စေ" ဆိုသည့် စကားရပ်ကို "စပက်ကော်လက်တာ (Spat Collector) များကိုဖြစ်စေ၊ မွေးမြူထားသော မုတ်ကောင်များကို ဖြစ်စေ၊ ပုလဲဝတ်ဆံသွင်းထားပြီးသော မုတ်ကောင်များကိုဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (စ)ပါ စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည်-

"(စ) ပုလဲမွေးမြူခြင်းလုပ်ငန်းဆိုသည်မှာ မုတ်ကောင်များကို ခွဲစိတ်ဝတ်ဆံသွင်းခြင်း၊ ဝတ်ဆံသွင်းပြီးသော မုတ်ကောင်များကို ပင်လယ်ပြင်အတွင်း ချထားမွေးမြူခြင်း၊ ခွဲစိတ်ပုလဲဖော်ခြင်း၊ ပုလဲ ဖော်ပြီးသော မုတ်ကောင်များကို ပြန်လည်ဝတ်ဆံသွင်းခြင်းလုပ်ငန်းကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဏ)တွင် ပါရှိသော "ဝန်ကြီးဌာန ဆိုသည်မှာ"ဆိုသည့် စကားရပ်၏ နောက်၌ "ပြည်ထောင်စုအစိုးရ"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ(တ)၏ နောက်၌ "ပုဒ်မခွဲ (ထ)နှင့် (ဒ)"တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ထ) စပက်ကော်လက်တာ (Spat Collector)ဆိုသည်မှာ ဓာတ်ခွဲခန်းအတွင်း၌ မုတ်ကောင်အထီးနှင့် မုတ်ကောင်အမတို့အား မျိုးစပ်၍ ရရှိလာသော မုတ်ကောင်သားပေါက်ငယ် (Spat)များ တွယ်ကပ်နေသည့် ကြိုးထုံး သို့မဟုတ် အမာခံပစ္စည်းကို ဆိုသည်။

(ဒ) တန်ဖိုးဖြတ်အဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပုလဲတန်ဖိုးဖြတ်အဖွဲ့ကို ဆိုသည်။"

၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ (၃) ပုဒ်မခွဲ (ဃ)၏ နောက်၌ "ပုဒ်မခွဲ (င)" အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပင်လယ်ပြင်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး စီမံဆောင်ရွက်ရန်။"

၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၇ တွင် ပါရှိသော "ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုဝန်ကြီး၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ)၏ နောက်၌ "ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င)"တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဂ) မုတ်ကောင်သားဖောက်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း၊

(ဃ) မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း၊

(င) ပုလဲမွေးမြူရေး ရေငုပ်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း။"

၆။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၁၈ ၌ ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့်စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂၄ တွင် ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူးသည်" ဆိုသည့် စကားရပ်၏နောက်၌ "ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၈။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ အခန်း(၁၁)၏ နောက်၌ "အခန်း(၁၂)"အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"အခန်း(၁၂)

တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃၅။ ဝန်ကြီးဌာနသည် တန်ဖိုးဖြတ်အဖွဲ့ကို -

(က) ဒုတိယဝန်ကြီး ဦးဆောင်၍ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပုလဲဆိုင်ရာ ပညာရှင်များနှင့် ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းရမည်။

(ခ) အဖွဲ့ဝင် အနည်းဆုံး (၇)ဦးမှ အများဆုံး (၁၁)ဦးအထိ ပါဝင် ဖွဲ့စည်းရမည်။

(ဂ) လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃၆။ တန်ဖိုးဖြတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခွင့်ပြုမိန့်ရရှိသူများက လာရောက်ပြသသော ပုလဲများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊ တန်ဖိုးဖြတ်ခြင်း၊

(ခ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၃၇။ ခွင့်ပြုမိန့်ရရှိသူသည် တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်ပေးသည့် ပုလဲတန်ဖိုးအပေါ် ကျေနပ်မှုမရှိပါက တန်ဖိုးပြင်ဆင်သတ်မှတ်ပေးရန် တန်ဖိုးသတ်မှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၃၈။ ပုဒ်မ ၃၇ အရ လျှောက်ထားလာပါက ဝန်ကြီးဌာနသည် -

(က) ပစ္စည်းတန်ဖိုးများကို ပြင်ဆင်သတ်မှတ်နိုင်သည်။

(ခ) တန်ဖိုးဖြတ်အဖွဲ့၏ သတ်မှတ်ချက်အတိုင်း အတည်ပြုနိုင်သည်။"

၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၅ တွင်ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သိန်းငါးဆယ်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၆ တွင်ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည်-

"၃၀။ မည်သူမဆို မှတ်ပုံတင်လက်မှတ်မရှိဘဲ ပုဒ်မ(၂၉)ပါ လုပ်ငန်းတစ်ရပ်ရပ်ကိုလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ ငွေဒဏ်ကျပ်တစ်ဆယ်သိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၁၁။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ် ၂၆ တွင်ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သိန်းနှစ်ဆယ်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၈ တွင်ပါရှိသော "ငွေဒဏ်ကျပ် ၅၀၀၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သိန်းငါးဆယ်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂၉ တွင်ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် သိန်းနှစ်ဆယ်"ဆိုသည့် စကားရပ်ဖြင့် အထားထိုးရမည်။

၁၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၀ တွင်ပါရှိသော "မည်သည့်ပြည်သူ့ဝန်ထမ်းမဆို"ဆိုသည့် စကားရပ်ကို "မည်သူမဆို"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၁ တွင်ပါရှိသော"ငွေဒဏ်ကျပ် ၁၀၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် တစ်ဆယ်သိန်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၃၂ ကို ပယ်ဖျက်ရမည်။

၁၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၏ "ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀ နှင့် ၃၁" တို့ကို"ပုဒ်မ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄ နှင့် ၃၅ "တို့အဖြစ်လည်းကောင်း၊ "ပုဒ်မ ၃၃"ကို "ပုဒ်မ ၃၆"အဖြစ်လည်းကောင်း အသီးသီး ပြန်လည်အမှတ်စဉ်ရမည်။

၁၈။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ"အခန်း(၁၂)နှင့် အခန်း(၁၃)"တို့ကို "အခန်း(၁၃) နှင့် အခန်း(၁၄)"တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၏ "ပုဒ်မ ၃၄၊ ၃၅၊ ၃၆ နှင့် ၃၇ "တို့ကို "ပုဒ်မ ၃၇၊ ၃၈၊ ၃၉ နှင့် ၄၀"တို့အဖြစ် အသီးသီး ပြန်လည်အမှတ်စဉ်ရမည်။

၂၀။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ"ပုဒ်မ ၃၈"ကို "ပုဒ်မ ၄၁"အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-

"၄၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်သူအများသိရှိလေ့လာ အကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဥယျာဉ်/ဘေးမဲ့တောများသို့ နိုင်ငံခြားသားဧည့်သည်များ နှစ်စဉ်လာရောက်လေ့လာ

မြန်မာနိုင်ငံသည် မြောက်ဘက် စွန်းဒေသ ရေခဲတောင်များမှသည် အလယ်ပိုင်းဒေသ ပူပြင်းခြောက်သွေ့သော မြေအနေအထားနှင့် တောင်ဘက်စွန်း ပင်လယ်ကမ်းရိုးတန်း ကျွန်းစုများအထိတည်ရှိနေသည့် သဘာဝပတ်ဝန်းကျင်၊ တောတောင်ရေမြေများ၊ လူမျိုးစုများ၏ ထူးခြားသော ထုံးတမ်းစဉ်လာ စရိုက်လက္ခဏာ သွင်ပြင်များကြောင့် ကမ္ဘာ့နိုင်ငံကြီးများအပါအဝင် နိုင်ငံတကာ၏ အထူးအာရုံစိုက်ခြင်းခံရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သဘာဝအခြေခံ ခရီးသွားစခန်းများသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ တိုးတက်များပြားလာသည်နှင့်အညီ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အောင်မြင်စွာလုပ်ကိုင်နိုင်ခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေ တိုးတက်ရရှိစေခြင်း၊ မြန်မာနိုင်ငံ၏ သဘာဝရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ဘာသာရေးဆိုင်ရာ သမိုင်းဝင်နေရာများ၊ သဘာဝရေမြေတောတောင်များနှင့် တိုင်းရင်းသားလူမျိုးစုများ၏ဓလေ့စရိုက်များ၊ လူနေမှုဘဝ နေထိုင်ပုံများနှင့် ယဉ်ကျေးမှုရိုးရာဓလေ့များကို နိုင်ငံတကာအား ဖော်ထုတ်ပြသခွင့်ရခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းနှင့် ဒေသခံများ၏ လူမှုစီးပွားရေးဘဝများ တိုးတက်မြင့်မား လာစေနိုင်ခြင်း၊ သဘာဝထိန်းသိမ်းရေး နယ်မြေများ ထိန်းသိမ်းစီမံ အုပ်ချုပ်ရေးအတွက် ဝင်ငွေတိုက်ရိုက် ရရှိစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသတွင် ဇီဝမျိုးစုံမျိုးကွဲ အကြွယ်ဝဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံတစ်ဝန်းတွင်ရှိသော သစ်တောများနှင့် ယင်းတို့အတွင်း မှီတင်းနေထိုင်သော တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၏အောက်တွင် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ ယင်းဌာနအနေဖြင့် မြန်မာနိုင်ငံနှင့်အဝန်း ဖွဲ့စည်းတည်ထောင်ထားသော ဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၃၈) ခုကို ဌာနအကြီးအကဲများ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စီမံအုပ်ချုပ်လျက်ရှိပြီး လက်ရှိတွင် ဥယျာဉ်ဘေးမဲ့တော ၂၀ တွင် သဘာဝအခြေခံ ခရီးသွားစခန်းများ ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ ၎င်းတို့အနက် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နှစ်စဉ်ပုံမှန်ဝင်ရောက်သော ဘေးမဲ့တော ၁၂ ခုတွင် ဖော်ပြပါဇယားအတိုင်း ဧည့်သည်ဝင်ရောက်မှုကြောင့် သိရှိရပါသည်။

မြန်မာ့အလင်း

ဥယျာဉ်/ဘေးမဲ့တောများသို့ နှစ်အလိုက် နိုင်ငံခြားသား ဝင်ရောက်မှုအခြေအနေ

စဉ်	ဥယျာဉ်/ဘေးမဲ့တော	ခုနှစ်(လူဦးရေ)			ပေါင်း
		၂၀၁၂	၂၀၁၃	၂၀၁၄	
၁။	ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်	၃	၁၉		၂၂
၂။	ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော	၁	၁၆	၅	၂၂
၃။	နတ်မတောင် အမျိုးသားဥယျာဉ်	၁၁၃	၄၆၀	၁၆၂	၇၃၅
၄။	ပုပ္ပားတောင်ဥယျာဉ်	၁၅၅၆၆	၁၆၆၅၆	၅၉၄၆	၃၈၁၆၈
၅။	လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်	၁၉၄၄၅	၃၄၇၇၀	၁၂၂၂၉	၆၆၄၄၄
၆။	အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်	၄	၄	၂	၁၀
၇။	မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော	၂၄၄	၃၀၃	၁၅၃	၇၀၀
၈။	မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော	၂၇	၂၀	၂၀	၆၇
၉။	ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော	၁	၂၃၉၉၆	၃၇၆၄၇	၆၁၆၄၄
၁၀။	ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော	၁၈	၁၁	၇	၃၆
၁၁။	ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော		၁		၁
၁၂။	အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော		၉၃၂၉၅	၆၉၂၉၃	၁၆၂၅၈၈
	စုစုပေါင်း	၃၅၄၂၂	၁၆၉၅၅၁	၁၂၅၄၆၄	၃၃၀၄၃၇

မှတ်ချက်။ ၂၀၁၄ ခုနှစ် မတ်လကုန်အထိ ဝင်ရောက်မှုဖြစ်ပါသည်။

မော်လမြိုင်ကျွန်းမြို့ ကမ်းနားကျောင်း ပရိယတ္တိစာသင်တိုက်၌ ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒါဘိဝံသ၏ သက်တော် (၇၅)နှစ်မြောက် စိန်ရတုဝိဇာတမင်္ဂလာပွဲကို မေ ၄ ရက်မှ ၆ ရက်အထိ ကမ်းနားကျောင်း ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ သက်တော်ရှည် ဆရာတော်ကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဆရာတော်ကြီး၏ သက်တော်(၇၅)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ငှက် ၇၅ ကောင်နှင့် ငါး ၇၅ ကောင်တို့ကို အသက်ကယ်ဘေးမဲ့လွှတ်ခြင်း၊ အလှူရှင်များက ဆေးပဒေသာပင် ငွေကျပ် သိန်း ၃၀ ကျော်လှူဒါန်းခြင်း၊ သံဃာခရီးဆောင်အိတ် အလှူရှင် ဦးထိန်ဝင်း-ဒေါ်စန်းမြင့် မိသားစုက အလှူငွေကျပ် ၁၀ သိန်းခွဲ လှူဒါန်းခြင်းနှင့် မြို့နယ်အတွင်းရှိ သက်တော်ရှည်ဆရာတော်ကြီးများနှင့် ကျောင်းတိုက်များရှိ ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပူဇော်ကြစဉ်။

မြင့်အောင်

အဆောင်စည်းမျဉ်းစည်းကမ်းများ ရှင်းလင်း

မန္တလေး မေ ၁၀

ဆေးတက္ကသိုလ် မန္တလေးပထမနှစ် အမ်ဘီဘီအက်စ် (၁၂/၂၀၁၃) သင်တန်းမှ အဆောင်နေထိုင်ခွင့်ရ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား အဆောင်စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်းကို မေ ၅ ရက် မွန်းလွဲ ၂ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ရှိ ဆေးတက္ကသိုလ်၊ မန္တလေး ဇီဝက စာသင်ဆောင်၌ ကျင်းပရာ ဆေးတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ် ဒေါက်တာ တင်မောင်ဟန်က စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ အဆောင်မှူးနှင့်ပါမောက္ခဌာနမှူးများ၊ အဆောင်နေ ထိုင်ခွင့်ရရှိသော ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏မိဘများနှင့် အုပ်ထိန်းသူများတက်ရောက်ကြပြီး ကျောင်းသားမိဘများက အဆောင်များနှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးတင်ပြကြရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။ အဆိုပါ ဆေးတက္ကသိုလ်-မန္တလေး အဆောင်များတွင် ၁၉၉၇ ခုနှစ်အထိသာ အဆောင်နေ ကျောင်းသား ကျောင်းသူများ ထားရှိခဲ့ပြီး ယခုပညာသင်နှစ်တွင် ပထမနှစ် အမ်ဘီဘီအက်စ် ကျောင်းသား ၆၀ ကို အောင်ဆန်းဆောင်၌ လည်းကောင်း၊ ကျောင်းသူ ၆၀ ကို ဇီဇဝါဆောင်၌ လည်းကောင်း မေ ၁ ရက်မှ စတင်နေထိုင်ကာ ပညာသင်ကြားစေလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဝိပဿနာသင်တန်းပို့ချ

ဒိုက်ဦး မေ ၁၀

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဗျတ်ကြီးကျေးရွာ ကျောင်းတိုက်တွင် မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ်မှ ၁၃၇၅ ခုနှစ်အထိ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား ၂၀၀ ခန့်ဖြင့် ငါးနှစ်ဆက်တိုက် သင်ကြားပို့ချရာ မေ ၃ ရက် နံနက် ၇ နာရီမှစ၍ ကျောင်းထိုင်ဆရာတော် အရှင်ဝိသုတ(ဓမ္မာစရိယ)နှင့် အရှင်သောဘိတ(ဓမ္မာစရိယ)၊ အရှင်သုမာရ (ဓမ္မာစရိယ) ဆရာတော်များက ဦးစီး၍ ပဋ္ဌိစ္စသမုပ္ပာဒ်၊ အခြေခံ ဝိပဿနာသင်တန်း(ကလေးတရားစခန်း)ကို သင်ကြားပို့ချသည်။ မေ ၁၀ ရက်အထိ နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ လူငယ်မောင်မယ်တို့ကို အလုပ်ပေးတရား ဟောကြားပို့ချခဲ့ကြောင်း သိရသည်။

သန္တာမြင့်

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ လွယ်တော်အုပ်စု၊ အထက(ဇလဲ)၊ နဝမတန်း (အောင်)မှ မရွှမ်ခံ နှင့် မနန်းရတနာစံတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မရွှမ်ခံ(ခ)မနန်းရတနာစံ

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ လွယ်တော်အုပ်စု၊ အထက (ဇလဲ)၊ နဝမတန်း (အောင်)မှ နန်းစိန်ရောင်နှင့် မသဲရတနာစံတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

နန်းစိန်ရောင်(ခ)မသဲရတနာစံ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၈၅၈၊ မြေကွက်တည်နေရာအမှတ် ၈၅၈၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးတင်မောင်ဝင်း AB-၀၄၄၇၅၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်မောင်ဝင်း ကွယ်လွန်သဖြင့် ဒေါ်မြဝင်း ၁၂/အလန(နိုင်)၀၀၇၆၉၅ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးမြင့်မြတ်မြိုင် (Managing Director)
The Sky Adversiting & Media Group Co.,Ltd.
အများသိစေရန်ကြေညာခြင်း

Alpha Lubricant Co.,Ltd. အမှတ် ၀၀၁/ဘီ၊ တိုက်(ဘီ)၊ ယုဇနလမ်း၊ Hi-Way Complex၊ သမိုင်းမြို့နယ်၊ ရန်ကုန်မြို့မှ ၂၀၁၄ ခုနှစ် ဧပြီ ၉ ရက် ကြေးမုံသတင်းစာ၌ ထည့်သွင်းခဲ့သော ရန်ကုန်မြို့နှင့် အများသိစေရန်ကြေညာခြင်းနှင့်ပတ်သက်သော အကြောင်းအရာပါ ကိစ္စများသည် ၂၀၁၄ ခုနှစ် ဧပြီ ၃၀ ရက်တွင် တရားလွှတ်တော်ရှေ့နေများဖြစ်သော ဦးတက်ဝင်းမြိုင် (စဉ်-၁၉၅၃)နှင့် ဦးတင်မောင်ဝင်း (စဉ်-၁၉၁၆)တို့၏ ရုံးခန်း၌ နှစ်ဖက်ပြေလည် ပြီးဆုံးသွားပြီဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်ပေးသူ
ဦးမြင့်မြတ်မြိုင်
(Managing Director)
The Sky Adversiting & Media Group Co.,Ltd.

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်မျိုးညွှန့်
(အထက်တန်းရှေ့နေ)
(စဉ်-၄၂၅၃၃)
အမှတ် ၄၈၄၊အောင်မေတ္တာလမ်း၊
၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊
ဖုန်း-၀၉-၂၅၀၄၉၄၇၂၄

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်း မြေတိုင်းရပ်ကွက်အမှတ်(၄၀၀-အေ)၊ လူနေရပ်ကွက် စဉ့်ငူ၊ မြေကွက်အမှတ်-(၃၇၄၊ ၃၇၅၊ ၃၇၆) ဧရိယာ ၀ ဒသမ ၅၅ ဧကရှိ သာသနာမြေနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ခေါင်းစဉ်ပါ မြေကွက်သုံးကွက်သည် အင်းစိန်မြို့နယ်၊ အောင်ဆန်းနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သာသနာမြေအဖြစ် မှတ်သားပိုင်ဆိုင်ထားသည့် မြေကွက်များဖြစ်ပါသည်။

၎င်းမြေကွက်များနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန အိုးအိမ်ဦးစီးဌာန၊ မြေအခွန်နှင့် မြေတိုင်းဌာနခွဲ၊ ရန်ကုန်မြို့မှ မိတ္တူမြေပုံ/မြေရာဇဝင်တိကျမှန်ကန်ကြောင်း သက်သေခံစာရွက်စာတမ်းမူရင်းများကို သာသနာမြေပိုင်ရှင်ဖြစ်သူ အောင်ဆန်းနှစ်ခြင်းခရစ်ယာန်အသင်းတော်သို့ ထုတ်ပေးထားပါသည်။

ထို့အပြင် ၎င်းမြေကွက်များနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေကွက်ငယ်များစာရင်း/၁(ခ)တွင်လည်း (သာသနာမြေ)ဟု မှတ်သားထားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာရင်းစာအုပ် ၁-ခတွင်လည်း (သာသနာမြေ)ဟု မှတ်သားထားပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်များပေါ်တွင် အိမ်ရာဆောက်လုပ်နေထိုင်သူများအနေဖြင့် ယင်းမြေကွက်များကို တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ ပိုင်းခြား၍ဖြစ်စေ မည်သူ့ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း စသည့်လွှဲပြောင်းခြင်းတစ်မျိုးမျိုးအပြင် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် မိမိတို့ပိုင်ဆိုင်သယောင်ဖော်ပြ၍ အမည်ပြောင်းလျှောက်ထားခြင်းများ လုံးဝမပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။

ဤတားမြစ်ချက်များကို လိုက်နာခြင်းမရှိဘဲ ဆန့်ကျင်ဆောင်ရွက်လုပ်ကိုင်ပါက သာသနာမြေပိုင်ရှင်ဖြစ်သော အောင်ဆန်းနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဤသာသနာမြေနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်းကို ၂၅-၁၀-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်း ယခင်ကကြေညာခဲ့ပြီးဖြစ်ပါသည်။

အသင်းတော်အုပ်ချုပ်စီမံရေးအဖွဲ့
အောင်ဆန်းနှစ်ခြင်းခရစ်ယာန်အသင်းတော်
အောင်ဆန်း၊ အင်းစိန်

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် (၁၁၆၆)၊ အမည်ပေါက် ဦးမြင့်အောင်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးမျိုးသန့် ၁၂/မဂတ(နိုင်)၀၂၂၂၇၈ က မြေကွက် စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၁၂၀၊ မြေကွက်တည်နေရာအမှတ် ၁၂၀၊ အောင်သုခလမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးမြင့်မောင် AE-၂၃၉၂၀၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်မောင် (ကွယ်လွန်)ထံမှ ပိုင်ဆိုင်ကြောင်း စာချုပ် ၇၃/၇-၁-၀၉ ဖြင့် ရရှိသူ ဒေါ်မြမြစိန် DY-၀၆၈၅၃၄ ကွယ်လွန်ထံမှ ဒေါ်စန္ဒာမြင့်မောင် ၇/တငန(နိုင်)၀၀၁၅၅၁၊ ဦးခင်မောင်လေး ၁၂/ဗဟန(နိုင်)၀၀၇၀၁၀၊ ဦးဝဏ္ဏမြင့်မောင် ၁၂/မဂတ(နိုင်)၀၂၇၅၂၉၊ ဦးကျော်မိုးမြင့်မောင် ၁၂/မဂတ(နိုင်)၀၂၈၅၀၇၊ ဦးနေမိုးထက် ၇/တငန(နိုင်)၀၀၁၅၅၂တို့မှ သားသမီးအရင်းများဖြစ်ကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ စစ်ကိုင်း ၃ လမ်း၊ နေကြာ ၂ လမ်း၊ မြေကွက်အမှတ် ဥ-၅၁၂၆ ရှိ ဦးလင်းနိုင်အေး အမည်ဖြင့် ပိုင်ဆိုင်သော ဂရန်မြေကွက်အား ဦးလင်းနိုင်အေး ၈/စလန(နိုင်)၀၆၈၃၄၃ (ဘ) ဦးတင်ရွှေမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ထိခိုက်ဒဏ်ရာရလူနာများအတွက် ကြွက်သားအစားထိုး ကုထုံးအသစ်

ဒေါက်တာဘီကျော်

မော်တော်ကား မော်တော်ဆိုင်ကယ် မတော်တဆမှုများ ဖြစ်ပွား၍ ထိခိုက်ဒဏ်ရာများ ရရှိရာမှလည်းကောင်း၊ မီးလောင်ရာမှလည်းကောင်း၊ စစ်သားများ စစ်မြေပြင်တွင် ကျည်ဆန်ထိမှန်ရာမှလည်းကောင်း ကြွက်သားများ ထိခိုက်ပျက်စီးသွားတတ်ပေရာ ယင်းပျက်စီးသွားသော ကြွက်သားများနေရာတွင် ကြွက်သားအများအပြား အသစ်ပြန်လည်တည်ဆောက်ရန် ယခုဖြစ်နိုင်ပြီဟု အမေရိကန်သုတေသီများက ပြောပါသည်။ ၎င်းတို့က ဝက်၏ ဆီးအိမ်မှ ထုတ်ယူရရှိသော တစ်သျှူးများဖြင့် လူ့ကြွက်သားပြန်လည်ပြည့်ဖြိုးလာအောင် ပြုလုပ်ကြမည်ဟုဆိုသည်။

University of Pittsburgh မှ သုတေသီများသည် ခြေလက်ကြွက်သားများ ၅၈ မှ ၉၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးထားသော အမျိုးသားလူနာငါးဦးတွင် လက်တွေ့စမ်းသပ်ကြည့်ခဲ့ရာမှ လူနာငါးဦးအနက် သုံးဦး၌ ခြေလက်များ၏ အလုပ်လုပ်နိုင်မှုစွမ်းအားသည် ၂၅ ရာခိုင်နှုန်း အထိ ပိုမိုတိုးတက်လာခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

"ဒီလေ့လာမှုဟာ လူတွေမှာ ကြွက်သားတစ်သျှူးများ ပြန်လည်အစားထိုးနိုင်ကြောင်း ပြသတဲ့ ပထမဆုံးလေ့လာမှုဖြစ်ပြီး ရှေ့အလားအလာအတွက်လည်း ကျွန်တော်တို့ သိပ်ကို စိတ်လှုပ်ရှားရပါတယ်"ဟု Pitts burgh University မှ ဝါရင့်အကြီးတန်း စူးစမ်းရှာဖွေသူ Ste-Phen Badylak က ဆိုပါသည်။

" ထိခိုက်ဒဏ်ရာရလို့ ကြွက်သားတွေ ဆုံးရှုံးသွားရင် လူနာတွေဟာ လမ်းကောင်းကောင်း မလျှောက်နိုင်ကြဘူး။ ကားထဲက ရုတ်တရက် ထွက်မလာနိုင်ကြဘူး။ ပက်လက်ကုလားထိုင်ထဲ ထိုင်နေရာက မထနိုင်ကြဘူး။ ထိုင်လည်း မထိုင်နိုင်ကြဘူး။ လမ်းလျှောက်သွားကြရင်လည်း ခဏခဏ လဲကြတယ်။ အခုတော့ ဒီလူတွေအတွက် မျှော်လင့်ချက်ရောင်ခြည်သစ်ရှိနေပါပြီ"ဟု Badylakက ဆိုပါသည်။

မှန်ပါသည်။ ကားမတော်တဆမှုဖြစ်ရာမှဖြစ်စေ၊ ဆိုင်ကယ်နှင့်တိုက်မိရာမှဖြစ်စေ သို့တည်းမဟုတ် အားကစားပြုလုပ်ရာမှဖြစ်စေ သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သော ကိရိယာကို ကိုင်တွယ်မိရာမှဖြစ်စေ ကြွက်သားများပမာဏ အမြောက်အမြား ပျက်စီးဆုံးရှုံးနိုင်ပါသည်။ အဆိုပါကြွက်သား ပမာဏအမြောက်အမြား ဆုံးရှုံးခြင်းအတွက် ယနေ့အထိ ကုထုံးမပေါ်ပေါက်သေးပါ။ တစ်ဖန် မူလကြွက်သားသည်လည်း ပြန်ပြည့်လာပြီး အလုပ်အပြည့်အဝလုပ်နိုင်သည်အထိ မပွားများနိုင်သေးပါ။ ယင်းအစား ပျက်စီးသွားသော ကြွက်သားများနေရာတွင် အလုပ်မလုပ်သော အမာရွတ်တစ်သျှူးများနှင့်သာ အစားထိုးပြည့်လာတတ်သည်။

ကြွက်သားပင်မဆဲလ်များ (Stem cells)သည် ပျက်စီးသွားသော ကြွက်သားတစ်သျှူးများ ပြန်လည်ပွားများလာရန် အထောက်အကူပြုကြောင်း ပြသပါသည်။သို့ရာတွင် များသောအားဖြင့် ပင်မဆဲလ်များကို ကြွက်သားတစ်နေရာမှယူပြီး သီးခြားထားကာ ရွေးချယ်လိုသော ဆဲလ်အမျိုးအစားအဖြစ်သို့ ကြီးထွားလာစေပါသည်။ ပြီးမှ ယင်းကို လူနာသို့ ပြန်လည်ထိုးသွင်းပေးပါသည်။ သို့သော်ငြားလည်း Badylak၏အဖွဲ့သည် ဝက်၏ဆီးအိမ်မှ ထုတ်ယူရရှိသော ဆဲလ်ပြင်ပအရောအနှောများ ECM အဖြစ် ကြွက်သားပင်မဆဲလ်များ ဒဏ်ရာရရှိသောနေရာသို့ ဆွဲဆောင်ယူသွားကာ ကြွက်သားများ ပြန်လည်တည်ဆောက်မှုကို တိုးပွားစေပါသည်။

သုတေသီများအဆိုအရ ဝက်ဆီးအိမ် ECM ကို အူကျရောဂါ ပြန်ကောင်းအောင် အပေါက်ကို ပြင်ဆင်ဖာထေးရာတွင်လည်းကောင်း (အူကျရာတွင် ကျယ်နေသောအပေါက်ကို ပြန်ကျဉ်းသွားအောင် ဖာထေးရ၏။) အရေပြား အနာများကို ကုသရန်အတွက်လည်းကောင်း ဆေးပညာအခြေခံကုထုံးအဖြစ် အသုံးပြုလာနေခဲ့သည်မှာ နှစ်အတန်ပင် ကြာမြင့်ခဲ့ပေပြီ။

ယခုတွေ့ရှိသော ဝက်ဆီးအိမ် ECM ကုထုံးသစ်သည် ထိခိုက်ဒဏ်ရာရရှိ၍ သွားလာလှုပ်ရှားနိုင်ခြင်းမရှိသော လူမမာများအတွက် မျှော်လင့်ချက်ရောင်ခြည်ကို ပေးနေပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မိုးမောက်မြို့နယ်၌ မိုးလဲချောင်းကူးကြိုးတံတားသစ်ဖွင့်

မိုးမောက် မေ ၁၀

ကချင်ပြည်နယ် မိုးမောက်မြို့နယ် နှင်းအီကျေးရွာအုပ်စု အောင်မြင်သာကျေးရွာပြည်သူများနှင့် UN-Habitat အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်သော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မိုးလဲချောင်းကူးကြိုးတံတားသစ်ဖွင့်ပွဲကို မေ ၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

မင်္ဂလာအချိန်တွင် ဒေသခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျနှင့် UN-Habitat မြို့နယ်ညှိနှိုင်းရေးမှူး ဦးအေးမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါတံတားမှာ ကြိုးတံတားတိုင်နှစ်တိုင်ကြား အလျားပေ ၂၅၀၊ ကြမ်းခင်းအကျယ်ခြောက်ပေ၊ ကြမ်းခင်းနှင့်ဆင့်ယက်မများကို ယူဟင်ကလန်(သံပေါင်) ချောင်းများဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း ငွေကျပ် ၂၁၉ သိန်းကျော် အကုန်အကျခံကာ ဆောက်လုပ်ထားသည်။ ကြိုးတံတားကြီးမှာ ဆွေးမြည့်မှုမရှိဘဲ ကျေးရွာပြည်သူများ နှစ်ရှည်ကြာမြင့်စွာ သွားလာနိုင်ရန် ရည်ရွယ်ပြီး ဂျပန်နိုင်ငံ ပြည်သူများက လှူဒါန်းမှုဖြင့် UN-Habitat က အကောင်အထည်ဖော် တည်ဆောက်ခြင်းဖြစ်သည်။

၎င်းကြိုးတံတား ဖွင့်လှစ်ခြင်းဖြင့် နှင်းအီကျေးရွာ၊ အောင်မြင်သာကျေးရွာ၊ ဝက်ငင်းကျေးရွာ၊ ကုန်းကတင်ကျေးရွာရှိ ပြည်သူများ ရာသီမရွေး လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။ UN-Habitat အဖွဲ့အစည်းက မိုးမောက်မြို့နယ်အတွင်း မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ ကျေးရွာဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်ဖြင့် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်ရှိ ၅၅ ရွာတွင် စီမံကိန်းဝင်ပြီး ခုနစ်လအကြာတွင် ကြိုးတံတားတစ်စင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်ကြိုးတံတားသုံးစင်းသည်လည်း ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ မကြာမီကာလတွင် ဖွင့်လှစ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

လွန်းနန်းထွေး(မိုးမောက်)

စစ်ကိုင်းတွင် ကျန်းမာရေးအသိပညာပေး ဟောပြော

စစ်ကိုင်း မေ ၉

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာ ကျောင်းသားများအား ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို မေ ၇ ရက် နံနက် ၇ နာရီခွဲမှ ၉ နာရီအထိ ကျောင်းသားစားရိပ်သာခန်းမ၌ ကျင်းပခဲ့ရာ ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးနှင့်ပတ်သက်၍ အဖွဲ့ခေါင်းဆောင် ဒေါက်တာ အိရာဟန်ကလည်းကောင်း၊ တီဘီရောဂါတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ဒေါက်တာလွင်မာသန်းက လည်းကောင်း၊ ၄က်ဖျားရောဂါ တိုက်ဖျက်ရေးနှင့်ပတ်သက်၍ စစ်ကိုင်းခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဦးမြင့်အောင်က ၄က်ဖျားရောဂါ၊ ဆင်ခြေထောက်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားအောင် နေထိုင်ပြုမူရန်နှင့် ကာကွယ်ကုသရန်နည်းလမ်းများကိုလည်းကောင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဒီဂရီကောလိပ် ခေတ္တကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများ၊ သင်ကြား/စီမံဝန်ထမ်းများနှင့် ကျောင်းသားများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့သည်။ **(မြန်မာ့အလင်း)**

(၁၁)ကြိမ်မြောက် တရားစခန်းဖွင့်

မြို့နယ်သံဃနာယကဥက္ကဋ္ဌ ငွေတောင်ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးစီးပြီး (၁၁)ကြိမ်မြောက် မဟာစည်သတိပဋ္ဌာန်အလုပ်ပေး ၁၀ ရက်တရားစခန်းကို ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာ ငွေတောင်ပရိယတ္တိစာသင်တိုက်၌ မေ ၇ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ တရားစခန်းပွဲကာလအတွင်း ရန်ကုန်မြို့မှ ဓမ္မိကာရုံမဟာစည်ရိပ်သာ ဆရာတော် ဦးဥတ္တရနှင့် သဒ္ဓမ္မဂုဏ်ရည် မဟာစည်ရိပ်သာဆရာတော် ဦးသုဇနတို့က မဟာစည်သတိပဋ္ဌာန်အလုပ်ပေးတရားပြ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ တရားစခန်းတွင် စုစုပေါင်း ၇၈ ဦး လာရောက် တရားအားထုတ်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ လွယ်တော်အုပ်စု၊ အထက(ဇလဲ)၊ နဝမတန်း(အောင်)မှ နန်းမိငယ်လေးနှင့် နန်းအေးစန္ဒာမြင့်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

နန်းမိငယ်လေး(ခ)နန်းအေးစန္ဒာမြင့်

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ လွယ်တော်အုပ်စု၊ အထက(ဇလဲ)၊ နဝမတန်း(အောင်)မှ မကြည်ခိုင်နှင့် နန်းအေးစန္ဒာကြည်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မကြည်ခိုင်(ခ)နန်းအေးစန္ဒာကြည်

CC/1823 ယာဉ်ငယ်လက်ဝယ်ထားရှိသူဆက်သွယ်ရန်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၄)ရပ်ကွက်၊ မြရတနာလမ်း၊ အိမ်အမှတ် ၁၂၆၉၃၌ နေထိုင်သော ဦးသိန်းအောင် ၁၂/သကတ(နိုင်)၁၁၇၂၈၅နှင့် ဒေါက်တာ ခင်စောလွင် ၈/ပခက(နိုင်)၀၃၀၀၂၄ထံမှ အငှားယာဉ်အမှတ် (CC/1823) Probox ယာဉ်အား ငှားရမ်းအသုံးပြုသူသည် အရေးကြီးကိစ္စများဆွေးနွေးရန် အောက်ဖော်ပြပါဖုန်းများသို့ ၁၅ ရက်အတွင်း အမြန်ဆက်သွယ်ပေးပါရန် ၎င်းယာဉ်ပိုင်ရှင်မှ မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၉-၄၄၄၀၄၅၀၄၇၊ ၀၉-၉၁၀၄၀၈၈၉၊ ၀၉-၂၀၂၈၈၇၃၊ ၀၉-၂၅၀၇၉၇၆၁၃၊ ၀၇၂-၂၁၆၁၃

